

# မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဆုတောင်းရာနေ့

၂၀၁၈

၂၀၁၂ ခုနှစ်မှစသော လူမျိုးတုံးသတ်ဖြတ်မှုအတွင်းတွင်
မြန်မာစစ်တပ်သည် ရိုဟင်ဂျာပေါင်း ၇၀၀၀၀၀ ကျော်တို့ကို
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ တွန်းပို့ခဲ့ပါသည်။

# ကလှဲ့စားချေမှုလော သို့မဟုတ် တရားမျှတမှုလော။

ဒေးဗစ်ယူးဘတ်
မြန်မာနိုင်ငံအတွက်ခရစ်ယာန်များ



ဆုတောင်းမေတ္တာပို့သပေးသော သူငယ်ချင်းများခင်ဗျား

သစ္စာတရားနှင့်ချစ်ခြင်းမေတ္တာတိုဖြင့်ဆုတောင်းပေးခဲ့သည့်အတွက် မိတ်ဆွေအား အထူးကျေးဇူးတင်ရှိပါသည်။ ယမန်နှစ် အတွင်းတွင်မြန်မာနိုင်ငံအတွင်းမှလူပေါင်းများစွာတိုသည်သတ်ဖြတ်ခံရခြင်း၊ မတရားပြုကျင့်ခံရခြင်း၊ ရွာများကို မီးရှို့ခံရခြင်းနှင့် ရှိဟင်ဂျာပေါင်း ၆၀၀၀၀၀ ကျော်ကိုနေရာရွှေ့ပြောင်းစေခြင်း၊ ကချင်၊ တအောင်း၊ နှင့်မြောက်ပိုင်းရှမ်းတို့ကို ဆက်လက် တိုက်ခိုက်ခြင်းအပစ်အခတ်ရပ်စဲရေးနယ်မြေများအတွင်းသိုမြန်မာစစ်တပ်များကျူးကျော် ဝင်ရောက်ခြင်းနှင့် မတရားခံရသူများအတွက်အစိုးရမှ ဂရုစိုက်မှုမရှိခြင်း အစရှိသောမတရားမှုများစွာကိုရင်ဆိုင်ခဲ့ရသည်။

ဤကာလအတွင်းတွင်တိုင်းရင်းသားကယ်ဆယ်ရေးအဖွဲ့များသည် ချစ်ခြင်းမေတ္တာနှင့်အတတ်နိုင်ဆုံးနည်းလမ်းများအားဖြင့်အကူအညီပေးခဲ့ကြပါသည်။ ကယ်ဆယ်ရေးအသင်းအဖွဲများသည်ရွှေပြောင်းကြသူများကိုအသက်ကယ်ဆယ်စောင့်ရှောက်ပေးခြင်း၊ သင်းအုပ်များကအသင်းသားများကိုနှစ်သိမ့်ပေးခြင်း၊ တရားမျှတမှုနှင့်ချစ်ခြင်းမေတ္တာတိုအတွက်ဆုတောင်း ပေးခြင်း၊ မိမိတိုလူမျိုးကို ကူညီရန်အတွက် ဆေးမှုထမ်းများနှင့်ကျောင်းဆရာအသစ်များကိုတောတွင်း သင်တန်းပေးခြင်းနှင့်ဖိနှိပ်ခံရသူများကို ကူညီရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများကို အသိပေးခြင်းတို့ကိုလုပ်ဆောင်ပေးခဲ့ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်။ ဤအရာအားလုံးသည်မကောင်းမှုတို့ကို ရင်ဆိုင်နေစဉ်တွင်ရရှိခဲ့သောဆုတောင်းခြင်း၏ အဖြေများဖြစ်ပါသည်။

တစ်ဖက်တွင်မူမြန်မာနိုင်ငံကြီးသည်တိုးတက်မှုများရှိခဲ့ပါသည်။ ပြည်သူနှစ်သက်သောအစိုးရကိုရွေးချယ်နိုင်ခဲ့ခြင်းနှင့် ဒေသအချို့တွင်ပို၍လွတ်လပ်လာခြင်းတို့ရှိသော်လည်း စစ်တပ်မှ အာဏာကိုလက်ဝယ်ထားကာ အသုံးချနေသေးသည်ကိုတွေ့ရပါသည်။ စစ်တပ်အနေဖြင့် စိတ်နှလုံးပြောင်းလဲမှု ရှိလာစေရန်နှင့် ရွေးချယ်ခံရသော အစိုးရအနေဖြင့် ဖိနှိပ်ချုပ်ချယ်ခံရသူများအားလုံးအတွက် ရပ်တည်ပေးနိုင်သောသတ္တိရှိစေရန် ကျွန်ုပ်တို့ဆုတောင်းလျက်ရှိပါသည်။

ဤသို့သောအခြေအနေများအလယ်တွင်မြန်မာနိုင်ငံမှအဖွဲ့ဝင်အချို့ကို **ISIS** နှင့်စစ်ဖြစ်နေသောအီရတ်နှင့်ဆီးရီးယား နိုင်ငံတို့တွင်အကူအညီ ပေးရန် ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံမှ ထိုသူတို့အရှေ့အလယ်ပိုင်းနိုင်ငံသို့ မည်သိုသွားရောက်ခဲ့သနည်း။ ဤသိုသွားခြင်းသည် မြန်မာနိုင်ငံမှလူတို့နှင့် မည်သို့ဆက်စပ်နေပါသနည်း။ ကျွန်ုပ်တို့သည် စစ်ဖြစ်နယ်မြေများတွင် အကူအညီပေးနိုင်လိမ့်မည်ကို လူအများက သိခြင်းကြောင့်ဖိတ်ကြားခံရခြင်းဖြစ်ပြီးကျွန်ုပ်တိုအနေဖြင့်လည်းဘုရားသခင်သည်တစ်ဦးကိုတစ်ဦးကူညီရန်အတွက်အတားအဆီးအကန့်အသတ် မထားရှိကြောင်းကိုယုံကြည်သောကြောင့် သွားရောက်ခဲ့ခြင်းလည်းဖြစ်ပါသည်။

အီရတ်နိုင်ငံ၊ မိုစူးဒေသမှသွေးမြေကျအောင်ပြင်းထန်ရက်စက်မှုတို့မှတဆင့် ကျွန်ုပ်မိသားစု၊ လုပ်အားပေးအဖွဲ့ဝင်များနှင့် ကျွန်ုပ်တို့၏ တိုင်းရင်းသား စီနီယာ **FBR** အချို့တို့သည် မြန်မာနိုင်ငံနှင့်နေရာအားလုံးတို့ထံ မျှဝေပေးလိုသောသင်ခန်းစာများကို ရရှိခဲ့ကြပါသည်။ သင်ခန်းစာ အသစ်များမဟုတ်သော်လည်း ကျွန်ုပ်တို့ကြုံတွေ့ခဲ့ရသောစိတ်ပျက်ဖွယ်ရာ အခြေအနေများကြောင့်ကျွန်ုပ်တို့စိတ်နှလုံးအတွင်းသို့ မြုပ်နှံထားသည့်နှယ်ဖြစ်ခဲ့သည်။ ဘုရားသခင်အပေါ်တွင် ကျွန်ုပ်တို့၏ မှီခိုမှုနှင့် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသော ဝိညာဉ်ရေးရာအားပြိုင်မှုတို့သည်ခန္တာပိုင်းတိုက်ပွဲထက်ပိုလွန်ခဲ့သည်။ ဤသည်တို့၏အလယ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အကြောင်းအရာ လေးခုကိုပြသခဲ့ပါသည်။

ပထမအချက်မှာ ခရစ်တော်သင့်ကိုပို့သည့်အတိုင်း သူသည်သင်နှင့်အစဉ်သွားနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကြောက်လန့် နေစဉ်တွင် ဆုတောင်းကာ "ခရစ်တော် ဒါဟာ ကိုယ်တော်ဖြစ်စေလိုတဲ့အတိုင်းဟုတ်ပါသလား" ဟု မေးခွန်းမေးနိုင်ပါသည်။ အဖြေမှာ "ဟုတ်တယ်"ဖြစ်နေသည့်တိုင် သူ၏နာမတော်ဖြင့် ရဲရင့်စွာသွားလာနိုင်ပြီး သူ၏အမည်နာမဖြင့် မကောင်းမှုများကိုကျော်လွှားနိုင်မည် ဖြစ်ပါသည်။

ဒုတိယအနေဖြင့် မကောင်းမှုများဖြင့် ရင်ဆိုင်ရစဉ်တွင် အပြစ်သားများဖြစ်သော ကျွန်ုပ်တို့သည် ချေမှုန်းနိုင်ခြင်းမရှိပါ။ သို့ရာတွင် ခရစ်တော်နောက်လိုက်ပြီး သူ၏အမည်နာမကိုခေါ်ဆိုပါက ကျွန်ုပ်တို့၏အားနည်းချက်များကြားသို့ သူရောက်ရှိလာပြီးမကောင်းဆိုးဝါး၏ ကုတ်တွယ်မှုများကြားမှ ကောင်းမွန်မှုများကို ယူဆောင် လာမည် ဖြစ်ပါသည်။

တတိယအချက်– တရားမျှတမှုနှင့်ကလဲ့စားချေမှုအကြား ကွာခြားချက်မှာ အဘယ်နည်း။ ကျွန်ုပ်အနေဖြင့် ကလဲ့စားချေမှု ဆိုသည်မှာအမှန်တရားနှင့်အညီူးထားကာတရားမျှတမှုကိုပြန်လည်ရယူရန်ကြိုးပမ်းမှုဟုယုံကြည်ပါသည်။မတရားမှုကို သင့်အနေဖြင့် ခံစားရသောအခါနာကျင်မှုသည်သင့်အား ပြစ်မှုကျူးလွန်သူကိုမုန်းတီးသွားစေပြီး သူတို့၏နာကျင်မှုကို တရား မျှတမှုနှင့်တူညီသည်ဟုသတ်မှတ်ယူဆသွားစေ နိုင်ပါသည်။သို့ရာတွင် သင့်အနေဖြင့်ဤနည်းဖြင့် တရားမျှတမှုကိုရှာဖွေခြင်းကြောင့် အမှန်းတရားသည်သင့်အားအားနည်း

*အထက်– ၁၉၉၆ ခုနှစ်မှ ဒေးဗစ်ယူးဘတ်နှင့် ဒေါ်အောင်ဆန်းစုကြည်။ မြန်မာနိုင်ငံအတွက်ကမ္ဘာ့ဆုတောင်းရာနေ့ကို ဖြစ်ပေါ်စေခဲ့သော တွေ့ဆုံမှု။*










ချို့ယွင်းသွားစေပြီးတရားမျှတမှုသည် သင့်ထံမှ ရှောင်တိမ်းသွားပါလိမ့်မည်။ တရားမျှတမှုကို ချစ်ခြင်းမေတ္တာနှင့် ကြင်နာသနားမတို့ဖြင့်သာ ရရှိနိုင်ပါသည်။ တနည်းအားဖြင့် သင့်အားပြစ်မှုကျူးလွန်လုပ်ဆောင်သူအတွက်ချစ်ခြင်းမေတ္တာဖြင့် ဆုတောင်းပေးခြင်းနှင့် ထိုချစ်ခြင်းမေတ္တာထဲမှတရားမျှတမှုကို ရှာဖွေရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အပေါ် ကျူးလွန်သူများ၊ ကျွန်ုပ်တို့၏ရန်သူများကိုချစ်နိုင်ရန်အတွက် ဘုရားသခင် အကူအညီလိုအပ်ပါသည်။ သို့ရာတွင် ဘုရားသခင်ထံ ဆုတောင်းပြီး ထိုသို့သောချစ်ခြင်းမေတ္တာကိုတောင်းခံပါက ကိုယ်တော်သည်ကျွန်ုပ်တို့ကိုကူညီမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့အပေါ်တွင်မတရားမှုလုပ်ဆောင်သူအတွက် အပြစ်ဒဏ်ပေးရာ မြောက်ပြီး ချစ်ခြင်းမေတ္တာရှိသောစိတ်ထားဖြင့်သာ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထိုစိတ်ထားသည် ကျွန်ုပ်တို့အား လွတ်မြောက်မကိုပေးပြီးပြန်လည်သင့်မြတ်ခြင်းထံသို့ ဦးတည်ခေါ်ဆောင်သွားမည်ဖြစ်ပါသည်။

စတုတ္ထချက်–ကျွန်ုပ်တို့သည်ဆုတောင်းသောအသင်းတော်၏ခွန်အားကို တွေ့ကြုံခဲ့ရပြီး ဆုတောင်းခြင်းမှရရှိသော ဘုရားသခင်ခွန်အားသည် လွတ်မြောက်မှု၊ တရားမျှတမှု၊ ပြန်လည် သင့်မြတ်မှုနှင့် ချစ်ခြင်းမေတ္တာတို့ကို ဆောင်ကြဉ်းပေးမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံအတွင်းတွင်အခြားသောနေရာများနည်းတူ အမုန်းတရား၊ သတ်ဖြတ်ခြင်းနှင့်မတရားမှုအမျိုးမျိုး ရှိနေပါသေးသည်။ ရှေ့ဆက်လမ်းခရီးတွင် ယေရှုကျွန်ုပ်တို့ကို ကူညီပေးစေရန် ဆုတောင်းခြင်းနှင့်၊ သွားရမည့်နေရာ သွားရမည့် ပုံစံနှင့် မည်သို့လုပ်ဆောင် ရမည်ကို သိရှိစေရန်တောင်းခံရပါမည်။ ကိုယ်တော်ပို့လေရာရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့နှင့် အတူရှိနေမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နှိမ့်ချခြင်း၊ ရဲရင့်ခြင်း၊ ဘုရားမေတ္တာတန်ခိုးတို့ဖြင့် ခရီးဆက်နိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နှင့်အတူ မြန်မာနိုင်ငံမှ လူအားလုံးအတွက် ဆုတောင်းပေးသည့်အတွက်ကျေးဇူးအထူးတင်ရှိပါသည်။ဘုရားသခင်ကောင်းချီးပေးပါစေ။

***အပေါ်မှနာရီလက်တံလှည့်သည့်အတိုင်း–***
*ခရစ်ဝင်ကျမ်းစာစောင်များကိုကိုင်ဆောင်ထားသော ကချင်အမျိုးသမီးများ။ ကရင်ဆေးမှူး လေိယမှ ၂၀၁၇ ဇန်နဝါရီလ အတွင်းတွင် ကယ်ဆယ်ရေးလုပ်ငန်း၏ အပိုင်းတစ်ခုအနေဖြင့် ဒဏ်ရာရသော အီရတ်တပ်ဖွဲ့ဝင်စစ်သား တစ်ဦးကို ကုသနေစဉ်။ ကရင်ဆေးမှူးများမှ ကလေးလူနာတစ်ဦး၏အနာပြည်များကို ဖောက်ထုတ်ပြီး သန့်ရှင်းရေးလုပ်ပေးနေစဉ်။ မိုးရေချိန်များခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် ချင်းပြည်နယ် အတွင်း FBR အဖွဲ့များ ကယ်ဆယ်ရေးလုပ်ဆောင်ရန်ခက်ခဲစေခဲ့သည်။*

# ဤသည်တို့အလယ်တွင် ဘုရားရှင်ဘယ်မှာနည်း။

ဖောဘရတ်လေး
*Free Burma Rangers*

နှလုံးကြေကွဲသောသူတို့၏အနာကိုစည်းစေခြင်းငှါရင်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသော သူတို့အားထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှါရင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာ နေ့ရက်ကာလကိုကြားပြောစေခြင်းငှါရင်း၊ စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှါရင်း ငါ့ကိုစေလွှတ်တော်မူပြီ။
ဟေရှာယ ၆၁း၁–၂



*အပေါ်– သက်တာကောင်း(Good Life Club) အစီအစဉ်တစ်ခုအတွင်း ကရင်ကလေးငယ်များနှင့် ပအိုဝ့်ရိန်းဂျားတစ်ဦး*

ဒစ်ဂျစ်တယ်/လူမှုမီဒီယာခေတ်သည်ကျွန်ုပ်တိုထံသို့ရောက်ရှိလာသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ပြီး သမားရိုးကျမဟုတ်သည့်သတင်းရယူနိုင်သည့် စွမ်းအင်များလည်းရှိလာပြီဖြစ်ပါသည်။ဤလွှမ်းမိုးနေသောစွမ်းအားများကြောင့် ကမ္ဘာတစ်ဝှမ်းမှ တောင်ပုံရာပုံသောသတင်းအချက်အလက်များသည်ကျွန်ုပ်တို့ ထံသို့ရောက်ရှိလာပါသည်။

သဘာဝဘေးအန္တရာယ်များ၊ စစ်ပွဲများ၊ စီးပွားရေးကျဆင်းမှု၊ နိုင်ငံရေး မငြိမ်သက်မှုနှင့် အကြမ်းဖက်မှုလုပ်ရပ်များအကြောင်းကို ကြားရပါက စိတ်ပျက်ရပါသည်။ ကျွန်ုပ် အနေဖြင့် ပွင့်ပွင့်လင်းလင်း ပြောရလျှင် ထိုအကြောင်းအရာများကို ဖတ်ရှုရပါက “ဒီလိုအခြေအနေကြားမှာ ကိုယ်တော်ဘယ်မှာလဲ။ ကျွန်တော်ဘာလုပ်နိုင်လဲ” ဟု မေးခွန်းများ ထုတ်မိပါသည်။

ဟေရှာယ၆၁ အတွင်းတွင် ပရောဖက်သည် ဘုရားသခင်စေခိုင်းချက် အတိုင်း သူ၏ကာလမှ ဂျူးတို့၏အခြေအနေများကြားတွင်သူမည်သည်တို့ ကို လုပ်ဆောင်မည်ကိုပြောကြားခဲ့သည်။ ဤတူညီသည့်စေခိုင်းချက်ကိုပင် လုကာအခန်းကြီး ၄ တွင် ယေရှုမှသူ၏ မွေးရပ်မြေ နာဇရတ်ရှိဘုရားကျောင်း အတွင်းတွင် ပြောကြားခဲ့သည်။ ဖော်ပြချင်သည့်အချက်မှာ ဟေရှာယနှင့်ယေရှု တို့နှစ်ဦးစလုံးအတွက် တူညီသော အခြေအနေများတွင်ရှိနေခဲ့သည်။ ဤသို့ သောဖြစ်ရပ်မှန်များကို ဖြေရှင်းရန်တစ်ဖက်တွင် လူများကိုခေါ်ယူစေစားစဉ်တွင် (ယေရှုကိုယ်တိုင်လည်း မျက်မမြင်များကို မြင်စေခဲ့သည်) ဤပြဿနာများ သည် ရုပ်ပိုင်းဆိုင်ရာအခြေအနေမှ ဝိညာဉ်ရေးရာ အခြေအနေအဆင့်အထိ ကျော်လွန်ရောက်ရှိနေပါသည်။

လူတို့အတွက်ရုပ်ပိုင်းဆိုင်ရာအကူအညီများဖြစ်သည့်အချုပ်နှောင်ခံများကို လွှတ်မြောက်စေရန်၊ ဆင်းရဲသားများကို အားပေးရန်၊ နှင့်စိတ်ကြေကွဲ ဝမ်းနည်းသူများကို ကူညီခြင်းတို့သည် ဘုရားသခင်၏သနားဂရုဏာ ဖြစ်သော ကယ်တင်ခြင်းကို သိရှိစေမည့် ကာလတိုင်အောင် ထာဝရအကျိုး သက်ရောက်မှု ရှိနေမည်ဖြစ်ပါသည်။

အဖြေစကားမှာအတော်လေးရှင်းလင်းလှပါသည်။ ခရစ်တော် နောက်လိုက် များဖြစ်သော ကျွန်ုပ်တို့ထံတွင် စေခိုင်းချက်ရှိပါသည်။

“အဖဘုရားရှင်၊ သခင့်သားတော် ယေရှုနှင့်ပရောဖက်ဟေရှာယတို့ အပေါ်တွင်ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်ကျရောက်သကဲ့သို့ ကျွန်ုပ်တို့ အပေါ်တွင် ကျရောက်စေတော်မူပါ။ ဖိနှိပ်ချုပ်ချယ်မှုခံရ၍ကြီးမားစွာ ငိုယိုပူဆွေး နေရသူများရှိသော ဒေသများအတွင်းသို့ကျွန်ုပ်တို့ လျှောက်လမ်း သွားလာနိုင်စေတော်မူပါ။ ကိုယ်တော်အသက်ပေးခဲ့ပြီး ကယ်တင်ခြင်းကိုပြောကြားခဲ့သည့်နည်းတူ ကျွန်ုပ်တို့ပြုလုပ်လိုလှသဖြင့် ရုပ်ပိုင်းဆိုင်ရာ အကူအညီ ပေးရန် အရင်းအမြစ်များ ရရှိနိုင်ပါမည့်အကြောင်း ကောင်းချီးမင်္ဂလာများ ချပေးသနားတော်မူပါ။ အာမင်”

သင်မည့်ကဲ့သို့လုပ်နိုင်မည်နည်း။

ဤမဂ္ဂဇင်းကိုဖတ်ရှုခြင်းဖြင့်စတင်ပါ။ အခြေအနေတစ်ခုစီအတွက် ဆုတောင်းပေးပြီး ဝိညာဉ်တော်စကားပြောသံကို နားထောင်ပါ။ အကြောင်းအရာတစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပြီးသင်မည်ကဲ့သို့ ကူညီနိုင်ဆိုသည့်အကြောင်းကို စဉ်းစားကြည့်ပါ။ အကယ်၍ ကူညီနိုင်ပါက လုပ်ဆောင်လိုစိတ်ဖြင့် ဆက်လက်လုပ်ဆောင်ပါ။ ထိုနေရာများတွင် ပါဝင်လျက် ရှိသောသူများကိုထောက်ပံ့ပေးခြင်း သို့မဟုတ် သင့်စိတ်နှလုံး ထိတွေ့သော သူများကိုထောက်ပံ့ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။







# မဂ္ဂဇင်းအတွင်းမှ အကြောင်းအရာများ


၂ ဒါရိုက်တာအမှာစာ

၄ ဘုရားရှင်ဘယ်မှာနည်း။

၆ ဆင်ခြေဖုံးရပ်ကွက်များမှ မျှော်လင့်ချက်များကိုရှာဖွေခြင်း

၇ ဖက်စပ်အုပ်ချုပ်ရေးစနစ်

၈ ပဋိပက္ခ၊ ဖွံ့ဖြိုးမှုနှင့် ရှုပ်ထွေးမှု

၁၁ မြန်မာနိုင်ငံမြောက်ပိုင်းမှ နောက်ဆုံးရသတင်းများ

၁၂ မြန်မာနိုင်ငံမှစကားသံများ

၁၄ ကင်မရာနောက်ကွယ်မှ လူတစ်ဦး

၁၇ မေ့ပျောက်စွန့်ပစ်ခံ– ရိုဟင်ဂျာတို့၏ အဖြစ်အပျက်များ


***အထက်မှအောက်သို့–***
*သင်တန်းဆင်းနေသောကယ်ဆယ်ရေးအဖွဲ့ဝင်များ။ ကရင်ပြည်နယ်တွင်းမှဆေးမှုထမ်းများအလုပ်လုပ်နေစဉ်။ ရှမ်းရိုန်းဂျားတစ်ဦး ကရင်ပြည်နယ်အတွင်းတွင် **Good Life Club** အကျီများကို ဝေပေးနေပုံ။ –*

# ဆင်ခြေဖုံးရပ်ကွက်များမှ မျှော်လင့်ချက်များကို ရှာဖွေခြင်း

ရန်ကုန်တိုင်း၊ မြန်မာနိုင်ငံ

*★အဖွဲ့အစည်း၏အမည်ကို လုံခြုံရေးအရထည့်သွင်းခြင်းမပြုပါ။*





မြန်မာနိုင်ငံ၏လူမျိုးစုငယ်များနေထိုင်ရာအစွန်အဖျားကျသောဒေသများ အတွင်းတွင် ပဋိပက္ခသို့မဟုတ် ပဋိပက္ခ နှင့်ဆက်နွယ်သော ဆင်းရဲတွင်းနက်မှုများ ရှိနေစဉ်တွင် အခြားတစ်ဖက်တွင် နိုင်ငံအချက်အချာအကျသည့်အကြီးဆုံးမြို့လည်းဖြစ်ပြီးယခင်ကမြို့တော်ဖြစ်ခဲ့ဖူးသော ရန်ကုန်မြို့၏ဆင်ခြေဖုံးရပ်ကွက်များ အတွင်းတွင် ထိုသို့သော ဆင်းရဲဒုက္ခ ခံစားနေရမှုများကိုတွေ့နေရပါသည်။ ဤသို့သောနေရာများတွင် လူပေါင်း ၄၀၀၀၀၀ ကျော်သည် တစ်နေ့လုပ်တစ်နေ့စားဘဝဖြင့် ကောင်းမွန်သင့်တော်သော နေစရာ နှင့် လုံလောက်သော စားစရာမရှိပဲနေထိုင်နေရပါသည်။ သန့်ရှင်းသောရေ ရနိုင်မှုနည်းပါးပြီး ကျောင်းများနှင့် အသိုင်းအဝိုင်းကျန်းမာရေးစောင့်ရှောက်မှုများလည်း မရှိကြပေ။ ဤသို့သောအသိုင်းအဝိုင်းများသည်ရန်ကုန်မြို့၏ အစွန်အဖျားများတွင်တိုးပွားများပြားလာပြီး၊ နေရာပြန်လည်ချပေးထားသော မြို့တွင်းနေထိုင်သူများ၊ အိမ်ရာမဲ့လယ်သမားများ၊ တောင်ပေါ်သားများနှင့် နာဂစ်မုန်တိုင်းမှ နေရာရွှေ့ပြောင်းခဲ့ရသော မိသားစုများပါဝင်ပါသည်။ ထိုသူများသည် အချိန်မရွေးဖယ်ရှားမှုကို ခံရနိုင်သောကြောင့် အစဉ်သဖြင့် မရေရာမသေချာမှုများထဲတွင် အသက်ရှင်နေရပါသည်။

ဤဆင်ခြေဖုံးများစွာထဲမှအပိုင်းတစ်ပိုင်းအား ချင်းပြည်နယ်မှဆေးမှူးနှစ်ဦးနှင့် ပြင်ပအကြံပေးအရာရှိ သူနှစ်ဦးတို့ဖြင့် ဖွဲ့စည်းထားသောအုပ်စုငယ်တစ်စုမှ ကူညီပေးရန်ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်တွင် ထိုအဖွဲ့သည် ဤအသိုင်းအဝိုင်းကို ဆေးဘက်ဆိုင်ရာအကူအညီများ၊ ဆေးခန်းသို့သယ်ယူပို့ဆောင်မှုများ၊ ၅–၆ နှစ်ကလေးများကို စာသင်ခြင်းများနှင့်ကလေးကြီးများကို စာပြပေးခြင်းများတို့ဖြင့် ကူညီပေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင်ဝန်ထမ်း ကိုးဦးတို့သည် မူကြိုကျောင်း သုံးကျောင်းနှင့် အခြေခံပညာရေးကျောင်းများကို ရွာသုံးရွာတို့တွင် ဖွင့်လှစ်ခဲ့ပြီး နေထိုင်စရာ နေရာမရှိသူများအတွက်ကလေးအဆောင်နှစ်ဆောင်တို့ကို စီစဉ်ပေးခဲ့သည်။ ထိုအဖွဲ့သည် ကလေးပေါင်း ၂၅ ဦးတို့ကို အစိုးရကျောင်းများသို့ ပို့ပေးနိုင်ခဲ့သည်။ သို့ရာတွင် မွေးစာရင်းနှင့် အခြားသော ထောက်ခံစာများကို ရရှိရန်မှာမလွယ်ကူလှသဖြင့် အထောက်အပံ့ပစ္စည်းများနှင့် သွားလာရေးများကို မစီစဉ်မီကပင်ထိုသို့ ကျောင်းတက်နိုင်ရန်အရင်စီစဉ်ပေးရသည်။ ၎င်းတို့သည် ကလေးပေါင်း ၈၀ အတွက်အစားအစာနှင့် လိုအပ်သည့် ဆေးဝါးစောင့်ရှောက်မှုများပေးကာ ထောက်ပံ့လျက်ရှိပါသည်။

အဖွဲ့တည်ထောင်သူများထဲမှတစ်ဦးက “ကျွန်တော်တို့အဖွဲ့ရဲ့ရည်မှန်းချက်ကတော့ စာရေးစာဖတ်တတ်ဖို့ သင်ကြားပေးရုံသာမကပဲ ဘယ်လိုစကားပြောရမယ်၊ အခြားသူတွေကိုဘယ်လိုရိုသေရမယ်နဲ့အခြားသူတွေကို ဘယ်လိုချစ်ရမယ်ဆိုတာကို သင်ပြပေးဖို့ပါပဲ။ ဒီကလေးတွေ တောက်ပတဲ့ အနာဂတ်ရရှိစေလိုပါတယ်။ သူတပါးကိုကူညီပေးတတ်ပြီး၊ တနေ့သူတို့ ကြီးလာရင် မိသားစု၊ အသိုင်းအဝိုင်းနဲ့ တိုင်းပြည်အတွက် ကောင်းချီးမင်္ဂလာ ဖြစ်လာစေလိုပါတယ်။ ဒါဟာကျွန်တော်တို့အဖွဲ့ အနေနဲ့ ဆင်ခြေဖုံးဒေသတွေမှာ အလုပ်လုပ်နေရတဲ့အကြောင်းအရင်းတစ်ခုပါပဲ။ ကျွန်တော်တို့ ရင်ထဲမှာလုပ်ဆောင်သင့်တယ်လို့ခံစားမိတဲ့အရာဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ဆောင်ဖို့အတွက်ဖြစ်လာတဲ့ အရာလည်းဖြစ်ပါတယ်။”

> “ချစ်သားတို့ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကောင်းမှန်ချစ်ကြကုန်အံ့။”
> ၁ယော ၃း၁၈

# ဖက်စပ်အုပ်ချုပ်ရေးစနစ်

ဗမာ/မြန်မာနိုင်ငံတွင်းလူသားချင်းစာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခများ နှင့်တိုင်းရင်းသား လူမျိုးစုငယ် ရေးရာကိစ္စများနှင့် ပတ်သတ်၍အထူးပြုသီးသန့်ဆန်းစစ်လေ့လာသူနှင့်အတိုင်ပင်ခံတစ်ဦးဖြစ်သူ ဒေါက်တာအက်ရှ်လေစောက်မှ ဤဆောင်းပါးကိုရေးသားပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏အမျိုးသားဒီမိုကရက်တစ်ပါတီ(NLD)သည် ၂၀၁၅ ခုနှစ်နိုဝင်ဘာလရွေးကောက်ပွဲများတွင် အပြတ်အသတ်အနိုင်ရခဲ့ပြီး နောက်တစ်နှစ်မေလမှစတင်ကာအာဏာကိုလွှဲပြောင်းရယူခဲ့သည်။ မြန်မာစစ်တပ်မှ အဓိက ဝန်ကြီးဌာန သုံးခုကို ထိန်းချုပ်ထားပြီးလွှတ်တော်တွင်လည်း ၂၅ ရာခိုင်နှုန်းရရှိထားသည့် 'ဖက်စပ်အုပ်ချုပ်ရေး' စနစ်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်းတွင် ပြောင်းလဲမှုများဖြစ်ပေါ်လာရန် အလားအလာရှိခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှစ်အတွင်းတွင် ပြုပြင်ပြောင်းလဲမှုများရှိသော်လည်း အချို့သော တိုင်းပြည်၏လူမျိုးစုငယ်အသိုင်းအဝိုင်းများအတွက် စိတ်ပျက်ဖွယ်ရာ အခြေအနေများဖြစ်ပေါ်ခဲ့ပါသည်။

လေ့လာသူများနှင့်လုပ်ဆောင်သူအများဆုံးအံ့သြရသည်မှာယခင်က ဦးသိန်းစိန်ဦးဆောင်သော စနစ်အတွင်းတွင်ကြီးမားသောပြောင်းလဲမှုကို စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ထိုအထဲတွင် ငြိမ်းချမ်းရေး ဖြစ်စဉ်လည်းတစ်ခုပါဝင်ပြီး ထိုဖြစ်စဉ်သည်လေးနက်သော ကတိကဝတ်များပါဝင်သော်လည်း လက်တွေ့ဆောင်ရွက်မှု အားနည်းလှပါသည်။ အတွေ့အကြုံ မရှိသေးသော NLD အစိုးရသည် မြန်မာစစ်တပ်မှကြီးစိုးထားသော အပစ်အခတ်ရပ်စဲရေး ထိန်းသိမ်းမှုဘောင်နှင့် ယခင်အစိုးရ၏နောက်ဆုံးပြုလုပ်ခဲ့သော နိုင်ငံရေးဆိုင်ရာတွေ့ဆုံ ညှိနှိုင်းမှုဖြစ်စဉ်တို့ပါဝင်သည့် ယခင်အုပ်ချုပ်ရေး စနစ်မှ ဤငြိမ်းချမ်းရေးဖော်ဆောင်မှု ဖြစ်စဉ်ကို လက်ခံရရှိခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဓိကထားသော်လည်း ယခုအချိန်အထိ သူမဦးဆောင်ခဲ့သောပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးနှစ်ခုမှာ အများအားစိတ်ကျေနပ်မှုမပေးနိုင်ခဲ့သေးပေ။ အဖွဲ့များပါဝင်လာမှုအပိုင်းနှင့်ပတ်သတ်၍ ၂၀၁၅ ခုနှစ်အောက်တိုဘာလက ယခင်အစိုးရလက်အောက်တွင် တစ်နိုင်ငံလုံး ဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) ရေးထိုးခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) ရှစ်ဖွဲ့ဖြင့်သာ ကန့်သတ်ထားပါသည်။ နိုင်ငံတွင်းမှ EAOs အများစုသည် NCA ကိုမရေးထိုးရသေးပေ။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်စိတ်တစ်ပိုင်းမှာ မြန်မာစစ်တပ်မှ မြောက်ပိုင်းနှင့် ပူးပေါင်းရန်/ဗဟိုအစိုးရနှင့်နိုင်ငံရေးညှိနှိုင်းမှုနှင့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်းနှင့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်တို့ပါဝင်သော အတိုင်ပင်ခံ ကော်မတီနှင့် ညှိနှိုင်းရန်ငြင်းဆန်ခဲ့မှုကြောင့်ဖြစ်ပါသည်။ NCA ရေးထိုးခဲ့သော EAOs အများစုအတွက်ပင် မြန်မာစစ်တပ်မှ ရှမ်းပြည်နယ်နှင့်အခြားဒေသတို့နှင့်ပတ်သတ်၍ လုံလောက်သောဆွေးနွေးမှုများကို ပြုလုပ်ရန်ခွင့်ပြုခြင်း မရှိသဖြင့် ယခုအထိပြုလုပ်ခဲ့သောနိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများမှာ စိတ်ကျေနပ်ဖွယ်ရာမရှိသေးပေ။ လက်နက်ကိုင်တိုင်းရင်းသားပဋိပက္ခဖြစ်ပွားသော ဆယ်စုနှစ်မှပြဿနာများကိုဖြေရှင်းရန် ဗဟိုအစိုးရ၏နိုင်ငံရေးပြေငြိမ်းအောင် ဆောင်ရွက်မှုကိုသဘောတူညီမှုတွင် တိုးတက်မှုအနည်းငယ်သာရှိသဖြင့် –ရလဒ် တစ်စိတ်တစ်ပိုင်းအနေဖြင့် နိုင်ငံတော်အဆင့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများတွင် အလွန်အားပျော့သော ယေဘုယျကောက်ချက်ချမှုများဖြင့်သာ သဘောတူညီထား မှုများရှိဆဲဖြစ်ပါသည်။

လက်ရှိကာလတွင် အရှေ့တောင်ပိုင်းဒေသ အများစုအပါအဝင် အပစ်အခတ်ရပ်စဲထားသောဒေသများအတွင်းတွင်အခြေအနေများ ယေဘုယျအားဖြင့်တိုးတက်နေပါသည်။ အသိုင်းအဝိုင်းများသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ် ခဲ့သောအခြေအနေထက် ကောင်းမွန်တိုးတက်မှုရှိလာပါသည်။ သို့ရာတွင် လူမှုဘဝ ပြန်လည် တိုးတက်ရေးကို ထောက်ပံ့ရန်အတွက် အရင်းအမြစ်အကန့်အသတ်ကိုသာ ရရှိနိုင်သေးသဖြင့် ရှေ့ဆက်ရန်အဝေးကြီး ရှိပါသေးသည်။ ထို့အပြင် ဒေသခံများအနေဖြင့်လည်းဒေသခံလူထုအတွက် အကျိုးကျေးဇူး မရှိသလောက်ဖြစ်သော ယခင် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများမှ သဘာဝအရင်း အမြစ်များကို ထုတ်ယူခြင်းနှင့်မြေယာလုယူခြင်းစသည့် ဖြစ်စဉ်များပါဝင်သည့် စစ်တပ်အုပ်ချုပ်သည့်အခြေအနေပုံစံသို့ထပ်မံ ရောက်ရှိသွားမည်ကိုစိုးရိမ်နေကြပါသည်။ NCA ကို မရေးထိုးထားသော EAOs များရှိသည့်မြောက်ပိုင်းရှမ်းနှင့် ကချင်ပြည်နယ်တစ်ဝှမ်းတွင် မကြာသေးမီကဖြစ်ပေါ်ခဲ့သော ကျယ်ပြန့်သည့်တိုက်ခိုက်မှုများကြောင့်နိုင်ငံတွင်း အခြားနေရာများတွင်လည်းထိုထက်ပိုဆိုးသည့် အခြေအနေတွင် ဖြစ်ပေါ်နေပါသည်။

၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ရခိုင်ပြည်နယ်အနောက်ပိုင်းတွင် ကင်းတပ်များအား လက်တစ်ဆုပ်စာ အစ္စလမ်တိုက်ခိုက်ခဲ့မှုအပေါ် လုံခြုံရေးတာဝန်ခံများ (နှင့် ဒေသခံစစ်ဘက်ဆိုင်ရာအဖွဲ့များ) မှ လွန်ခဲ့သည့်လများအတွင်းတွင်ဆိုးဆိုးရွားရွား ပြင်းပြင်း ထန်ထန်ပြန်လည် တုံ့ပြန်မှုကြောင့် နိုင်ငံတကာသတင်းခေါင်းစဉ်ကြီးများတွင်ပါဝင်ခဲ့သည်။ နောက်ဆက်တွဲရလဒ်မှာ ရိုဟင်ဂျာမွတ်စလင်ပေါင်း ၆၀၀၀၀၀ တို့သည် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လူသိများပြီး မှတ်တမ်းတင်ခြင်းခံရသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်များနှင့် ၎င်းတို့၏ရွာများကိုမီးရှို့မှု အစရှိသည်တို့ အထောက် အထားပြနိုင်ခဲ့သည်။ ဤသူတို့မိမိတို့အိမ်ကို ပြန်နိုင်မည်လောနှင့် မည်သည့်အခြေအနေတွင်ပြန်နိုင်မည်နည်းဆိုသည့် အချက်များကို စောင့်ကြည့်ရန်ကျန်နေပါသေးသည်။ အကြမ်းဖျင်းအားဖြင့် ဤမကြာသေးမီကဖြစ်ပျက်ခဲ့သော အကြမ်းဖက်မှု အရ မြန်မာစစ်တပ်သည် တိုင်းပြည်အတွင်းတွင်း ဆိုးရွားပြင်းထန်သော မတည်ငြိမ်မှုကိုဖြစ်ပေါ်စေမည့် အင်အားကြီးတစ်ခု ဖြစ်နေဆဲဆိုသည့်အချက်ကို ဖော်ပြနေပါသည်။ ပို၍အခြေခံကျကျပြောရလျှင် ရိုဟင်ဂျာတို့ကိုလူမျိုးတုံးရှင်းလင်းသည့်မကြာသေးမီကပြုလုပ်ခဲ့သော စစ်ဆင်ရေးသည် မြန်မာနိုင်ငံတွင်း နိုင်ငံသားဖြစ်ခြင်း သဘောသဘာဝကို ပြန်လည် စစ်ဆေးရန် လိုအပ်မှုကို ဖော်ပြနေပါသည်။

# ပဋိပက္ခ၊ ဖွံ့ဖြိုးမှု နှင့် ရှုပ်ထွေးမှု

ဤစာနှင့်ပုံများကို အာရှဖောင်ဒေးရှင်းမှသုတေသန ပြု၍ ပုံနှိပ်ထုတ်ဝေသော စာတမ်းတစ်စောင်ဖြစ်သော "မြန်မာနိုင်ငံရှိ အတိုက်အခံနယ်မြေများ– နိုင်ငံတွင်းဒေသန္တရပဋိပက္ခ၊ အကူအညီနှင့်ဖွံ့ဖြိုးမှု" မှ ထုတ်နှုတ်ထားခြင်းဖြစ်ပါသည်။ *

မြန်မာနိုင်ငံသည်အရှေ့တောင်အာရှနိုင်ငံများထဲရှိ အခြားနိုင်ငံများထက် ပြည်တွင်းပဋိပက္ခကြောင့်ပိုမိုဆိုးရွားစွာထိခိုက်ရသောနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သေဆုံးမှုစုစုပေါင်းကိုမသိရသော်လည်း မတူညီသော လက်နက်ကိုင် အဖွဲ့အစည်းများပါဝင်သည့် ဆယ်စုနှစ် ခုနှစ်စုအတွင်း ပြတ်တောင်းပြတ်တောင်းဖြစ်နေခဲ့သော အကြမ်းဖက်မှုများကြောင့် ထောင်ပေါင်းများသောနိုင်ငံသားများနှင့်လက်နက်ကိုင်စစ်သည်တို့၏ အသက်ဆုံးရှုံးခဲ့ပြီဖြစ်သည်မှာသံသယဖြစ်ဖွယ်မရှိပေ။ လူ့အခွင့်အရေး ချိုးဖောက်မှုအရှည်ကြာဆုံးအဖြစ် မှတ်တမ်းတင်ခံရမှု၊ ရေရှည်မလုံခြုံမှု၊ ဆိုးရွားသောနေထိုင်မှု အခြေအနေနှင့် နိုင်ငံ၏ တိုင်းရင်းသား လူနည်းစုများအကြားတွင် ပျံ့နှံ့လျက်ရှိသော် အခွင့်အာဏာနည်းပါးမှုတို့ကြောင့် ဤလူထုတို့ပဋိပက္ခများ၏ ကြီးမားသောထိခိုက်မှုများသည် ယခုထိပို၍ထင်ရှားနေဆဲဖြစ်ပါသည်။ နိုင်ငံတွင်း ပဋိပက္ခများသည် မြန်မာနိုင်ငံကြီးအားတစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ကြီးမားစွာထိခိုက်စေခဲ့ပါသည်။ ရေရှည်နိုင်ငံရေးဆိုင်ရာ စစ်တပ်နှင့်ညှိယူရခြင်းနှင့် တိုင်းပြည်၏ စီးပွားရေးအလားအလာများကိုနှောင့်နှေးခြင်းအစရှိသည်တို့ ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ပဋိပက္ခများသည် တိုင်းသူပြည်သားများ သေကြေပျက်စီးမှုကိုဆက်လက်ဖြစ်ပွားနေစေခဲ့ပါသည်။ – ၂၀၁၄မှ၂၀၁၆အတွင်းတွင် ခန့်မှန်းချေအရမြေမြှုပ်မိုင်းကြောင့်သေဆုံး ဒဏ်ရာရသူ သည် ကမ္ဘာပေါ်တွင် တတိယအများဆုံးနိုင်ငံဖြစ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်းတွင် အာရှဖောင်ဒေးရှင်းသုတေသနအဖွဲ့ မှ မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်း ၁၄ ခုအတွင်းလက်ရှိဖြစ်ပွား နေဆဲ သို့မဟုတ် ပုန်းအောင်းနေဆဲ နိုင်ငံတွင်း ဒေသန္တရပဋိပက္ခကြောင့် ထိခိုက်မှုရှိသော ဒေသများကိုဖော်ထုတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏မြို့နယ်ပေါင်း ၃၃၀ ခုထဲမှ ၁၁၈ ခုပါဝင်သည့် ဤအတိုက်အခံဒေသများတစ်ခုစီတွင် မြန်မာနိုင်ငံ၏လူဦးရေလေးပုံ တစ်ပုံနီးပါးပါဝင်ပြီး ဗဟိုအစိုးရ၏အာဏာကို စိန်ခေါ်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တစ်စု သို့မဟုတ် တစ်စုထက်ပို နေထိုင်ကြပါသည်။

*ဤမှတ်တမ်းကို https://asiafoundation.org/publications မှ ဒေါင်းလုတ်ရယူနိုင်ပါသည်။*

မြန်မာနိုင်ငံ၏နိုင်ငံတွင်း ပဋိပက္ခများသည် အခြားသောနေရာများတွင် တွေ့ရသည့်ပုံစံများနှင့် ကွာခြားမှုရှိပါသည်။ အရှေ့တောင်အာရှအတွင်းမှ နိုင်ငံတွင်း ပဋိပက္ခအများစုသည် ယေဘုယျအားဖြင့် နိုင်ငံရေးတည်ငြိမ်ပြီး ဝင်ငွေအလယ် အလတ်ရှိသောတိုင်းပြည်များတွင်ဖြစ်ပေါ်လျက်ရှိသော်လည်း မြန်မာနိုင်ငံအတွင်းတွင်မူ အာဏာရှင်အစိုးရ၏ဆယ်စုပေါင်းများစွာ ကြာမြင့်သော အုပ်ချုပ်မှုပြီးနောက်တွင် ဆင်းရဲမှုအဆင့်သည် ဆက်လက်မြင့်မားနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခများသည်အနည်းဆုံး EAOs အဖွဲ့နှစ်ဆယ်နှင့်အစိုးရနှင့်ဆက်နွယ်သောစစ်ဝန်ထမ်း အစရှိသည့် အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများစွာပါဝင်သော လှုပ်ရှားနေသော/ လှုပ်ရှားနေဆဲအရေအတွက်မသိသည့် ပြည်နယ် မရှိသောအုပ်စုများပါဝင်သည်။ လက်နက်ကိုင် အုပ်စုများသည် ပြည်နယ် နှင့်သဘောတူညီချက်များပြုလုပ်ပြီး သို့မဟုတ် ကွဲထွက်သွားခဲ့ပါကအုပ်စု အသစ်များ သို့မဟုတ် အုပ်စုကွဲများပေါ်ပေါက်လာပါသည်။ အချို့သော ပဋိပက္ခထိခိုက်ရာ ဒေသများတွင် EAOs များက အုပ်ချုပ်ထားပါသည်။ ဤသို့သောဒေသများတွင် ဗဟိုအစိုးရမှတစ်ကြိမ်တစ်ခါမှမထိန်းချုပ်ဖူးသေးသောနယ်မြေများလည်းရှိပြီး ပြည်နယ်အဖွဲ့အစည်းတစ်ခုအသွင် အစိုးရနည်းတူအုပ်ချုပ်ပြီး လမ်းများဖောက်ခြင်း၊ ဆရာဆရာမများအားသင်တန်းပို့ချပေးခြင်းနှင့် ဒေသဆိုင်ရာအမှုများကိုကြည့်ရှုအုပ်ချုပ်ပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

မြန်မာနိုင်ငံအတွင်းမှပဋိပက္ခများသည် ဆက်လက်ကြာရှည်နေဆဲ ဖြစ်ပါသည်။ အရှေ့တောင်နှင့်တောင်အာရှအတွင်းမှ နိုင်ငံတွင်း ပဋိပက္ခများ၏ ကြာရှည်ချိန်သည် ၄၅.၂ နှစ်ဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြစ်သည့် ၁၆.၈ နှစ်ထက်နှစ်ဆများပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေး အရှည်ကြာဆုံးပဋိပက္ခကြီးခြောက်ခုသည် ပျမ်းမျှအားဖြင့် ၆၆ နှစ်ထက်ပို၍ ကြာရှည်ခဲ့ပါသည်။ ဤသို့ရှည်ကြာခဲ့သော နိုင်ငံတွင်း ပဋိပက္ခသည် စစ်တပ်၏ကြီးမားသောအင်အားခိုင်လုံမှု ကို ဖော်ပြနေပြီး တိုင်းပြည်အတွက်ကြီးမားသောစိန်ခေါ်မှုများကို ဖြစ်ပေါ်စေသဖြင့် (စီးပွားရေးတိုးတက်မှု နှင့် နေထိုင်မှု အဆင့်အတန်း) ဖွံ့ဖြိုးမှုကို အလွန်အမင်းတားဆီးထားရာရောက်စေပါသည်။



*အပေါ်–သေကြေဒဏ်ရာရသူများကို ကူညီကယ်ဆယ်နေရာချထားပေးရန် ကယ်ဆယ်ရေးအဖွဲ့များမှလေ့ကျင့်နေစဉ်။*


PRESENCE OF AN ETHNIC ARMED ORGANIZATION(S)
AA: Arakan Army
ABSDF: All Burma Students' Democratic Front
ALP: Arakan Liberation Party
CNF: Chin National Front
DKBA: Democratic Karin Benevolent Army
KIO: Kachin Independence Organization
KNPP: Karenni National Progressive Party
KNU: Karen National Union
KNU/KNLA-PC: Karen National Union/Karen National Liberation Army-Peace Council
LDU: Lahu Democratic Union
MNDAA: Myanmar National Democratic Alliance Army
NDAA ESS: National Democratic Alliance Army/Eastern Shan State
NMSP: New Mon State Party
NSCN-K: National Socialist Council of Nagaland-Khaplang
PNLO: Pa-Oh National Liberation Organization
PSLF/TNLA: Palaung State Liberation Front/Ta'ang National Liberation Army
RCSS/SSA: Restoration Council of Shan State/Shan State Army
SSPP/SSA: Shan State Progress Party/Shan State Army
UWSA: Uniterd Wa State Army
WNO: Wa National Organization

# A BRIEF HISTORY OF MYANMAR'S POLITICAL CHANGE AND SUBNATIONAL CONFLICT

**1947** (Subnational conflict)
The Panglong Agreement is signed, which outlines a vision for a federal Union. Shortly thereafter, Aung San who attended the talks is assassinated.

**1948** (Political change)
Myanmar gains independence. Following the shooting of General Aung San the previous year, U Nu becomes the first prime minister of the Union of Burma.

**1949** (Subnational conflict)
The first armed ethnonationalist conflict begins when the fighting erupts between the KNU and the Tatmadaw in Yangon.

**1961** (Subnational conflict)
The KIO is formed. Around the same time, the first Shan nationalist insurgencies begin.

**1962** (Political change)
General Ne Win seizes power in a coup, putting an end to parliamentarian rule in Burma.

**1963** (Subnational conflict)
Ne Win attempts the first of two rounds of unsuccessful peace talks during his rule (the second is in 1975). In 1963, the military also initiates its Four Cut strategy.

**1974** (Political change)
Ne Win inaugurates a new constitution after widespread consultation; it establishes the structure of the seven states and seven regions which exist today.

**1976** (Subnational conflict)
The National Democratic Front is formed, the first major profederal EAO alliance.

**1988** (Political change)
The Socialist government collapses amidst widespread protests, which are ultimately suppressed. The military government regroups and SLORC (later SPDC) takes power.

**1988** (Subnational conflict)
The Democratic Alliance of Burma is formed, uniting EAOs and Bamar-led prodemocracy forces.

**1989** (Political change)
SLORC retranslates (or re-Romanizes) the name of the country to Myanmar and promises elections and economic reforms.

**1989** (Subnational conflict)
SLORC begins signing ceasefires with EAOs, starting with new groups that splintered from the Communist Party of Burma. By the late 2010s, the SPDC recognizes 17 "major" ceasefires and 23 'others.'

**1990** (Political change)
The NLD wins national elections in a landslide, but SLORC does not accept the results.

**1996** (Subnational conflict)
As the UWSP expands into southern Shan, Khun Sa surrenders, and the MTA splinters into multiple factions, including the group which later became the RCSS.

**2003** (Political change)
The government releases its seven-stage roadmap to democratization

**2007** (Political change)
A major popular uprising known as the Saffron Revolution calls for political change.

**2008** (Political change)
A new constitution is adopted following a widely criticized referendum.

**2009** (Subnational conflict)
The government announces its BGF scheme for all ceasefire groups, requiring them to accept direct Tatmadaw command, with ordinary Tatmadaw officers in their ranks.

**2011** (Political change)
The military hands power to a nominally civilian government, and an extensive reform process begins. As a result, foreign investment and aid begins to grow.

**2011** (Subnational conflict)
The government has some early success in negotiating bilateral ceasefires in 2011 and 2012, but fighting resumes in Kachin State after a 17-year ceasefire with the KIA breaks down.

**2015** (Political change)
In a landslide victory, the NLD wins almost 80 percent of contested seats in parliament, defeating the USDP and the 55 ethnic parties who competed in the election.

**2015** (Subnational conflict)
Eight EAOs sign the NCA. Throughout 2015 and 2016, the number of armed battles continue to rise in the northeast.

**2016** (Political change)
The NLD-led government is sworn in. While the NLD won the majority of seats in the upper and lower house, the military retains 25 percent of seats and controls key ministries in accordance with the 2008 Constitution.

**2016** (Subnational conflict)
The first Union Peace Conference is held in January. After assuming power, State Counsellor Aung San Suu Kyi chairs a second meeting, also known as the 21st Century Panglong Conference, in August.



# အမြင့်ဆုံးသတိပေးမှု– မြန်မာနိုင်ငံမြောက်ပိုင်းတွင်တားဆီးပိတ်ပင်မှုများရှိနေဆဲ

## ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်

*Free Burma Rangers*

မီဒီယာများသည် ရခိုင်ပြည်နယ်တွင်းမှ ရိုဟင်ဂျာများ အကြောင်းကို ဦးတည်ဖော်ပြမှုရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ အခြားသောအပိုင်းဒေသများမှ လူမျိုးစုငယ်အုပ်စုများကိုဖိနှိပ်ညှဉ်းပန်းသည့် မြန်မာစစ်တပ်၏လုပ်ရပ်သည် လည်းပို၍ကြီးမားလာခဲ့ပါသည်။ သို့ရာတွင်မြန်မာနိုင်ငံမြောက်ပိုင်းမှ ကချင်နှင့်ရှမ်းလူမျိုးများ အပေါ်ဖိနှိပ်ညှဉ်းပန်းမှုများမှာ ဖော်ပြမှုနည်းပါးပြီးကြီးမားစွာလျစ်လျူရှုမှုခံနေရပါသည်။

၂၀၁၇ခုနှစ်တောက်လျှောက်တွင်မြန်မာစစ်တပ်သည် အရင်းအမြစ်များနှင့် မြေယာတို့ကိုထိန်းသိမ်းနိုင်ရန်အတွက်ထိုဒေသနေပြည်သူများကို နှိမ်နင်းရန် မြန်မာနိုင်ငံမြောက်ပိုင်းဒေသအတွင်းတွင် ခြောက်လန့်သည့် စစ်ဆင်ရေး ကိုပြုလုပ်ခဲ့ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများသည် နေ့စဉ်ဖြစ်ပွားနေခဲ့ပြီး တိုက်ခိုက်မှုများစွာသည် လူထုအား အကြောက်တရားကို ထည့်သွင်းပေးနေခြင်းဖြစ်သည်။

ကချင်နှင့်ရှမ်းပြည်နယ်အတွင်းမှဒေသခံများသည် နေ့စဉ်နေ့တိုင်း မြန်မာစစ်တပ်မှ နောက်တစ်ကြိမ်ထပ်မံ ကင်းလှည့်မည့်အချိန်သို့မဟုတ် စစ်ဆေးရေးဂိတ်တို့အတွက်အမြဲတမ်းအသင့်ပြင်ထားရသည်။ ဒေသခံများသည် စစ်တပ်အတွက် လမ်းကြောင်းပြပေးသူများအဖြစ်အတင်း ခိုင်းစေခြင်းခံရသည်။ မြေမြှုပ်မိုင်းအန္တရာယ်နှင့် စစ်ပွဲတွင် အဖမ်းခံရမည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် လူကို ဒိုင်းသဖွယ်အသုံးပြုသည့်နည်းလည်းဖြစ်သည်။

စစ်ဆေးရေးဂိတ်များသည် မြစ်များလမ်းမများပေါ်တွင်ရွာသားများဖြတ်သန်းသွားလာခြင်းကို ပုံမှန်ငွေကောက်ခံရန်ထားရှိလေ့ရှိသည်။ "အင်ဂျင်သင်္ဘောအားလုံး တရားဝင် သွားလာပါတယ်။ အာဏာပိုင်တွေဆီမှာ သွားလာဖို့ ခွင့်ပြုချက်အတွက် အခွန်တွေပေးပြီးပါပြီ။" ဟု ကချင်စစ်သားတစ်ဦးဖြစ်သူ လဆန်က ပြောပြပါသည်။ "ဒါပေမဲ့ မြန်မာစစ်တပ်ဟာဒေသခံတွေဆီကနေလာဒ်ပေးလာဒ်ယူတာဟာအမြဲဖြစ်လေ့ဖြစ်ထပါပဲ။ မြန်မာစစ်သားတွေပိုက်ဆံမရှိရင်ဒီလိုပဲ တောင်းပါတယ်။ စက်လှေပိုင်ရှင်တွေဆီကနေ ပိုက်ဆံရရင် သူတို့ကို ဆက်သွားခွင့်ပြုပါတယ်။"

ဒေသခံများကိုတမင်ရန်လိုတိုက်ခိုက်မှုသည် တစ်နှစ်ပတ်လုံးတွင်ကြိမ်ဖန်များစွာ ဖြစ်ပွားခဲ့ပါသည်။ ဩဂုတ်လအတွင်းတွင် မြစ်ကြီးနားမြို့၊ ကဆုန်းရွာအား မြန်မာစစ်တပ်မှ တိုက်ခိုက်ခဲ့သဖြင့် ထိုဒေသမှ ရွာသားများသည်လပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ ထိုသို့တိုက်ခိုက်ရာတွင် ရွာထဲတွင်လူမျိုးစုငယ် စစ်တပ်စခန်းများလည်းမရှိ၊ တိုင်းရင်းသား လက်နက်ကိုင်စစ်သားများလည်း ရှိမနေခဲ့ပေ။ လူတစ်ဦးသေဆုံးပြီး ဒဏ်ရာရသူအများအပြားရှိကာ၊ လူပေါင်း ၁၀၀၀ ကျော်သည် ထိုရွာမှ လပေါင်းများစွာရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။

ဇွန်လအတွင်းတွင်ကချင်လွတ်လပ်ရေးစစ်တပ်ထံမှ ကချင်ပြည်နယ် မိုင်စောင်စခန်းကို သိမ်းပိုက်စဉ်တွင် တနိုင်းမြို့နယ် အတွင်းရွှေ့ပြောင်းနေထိုင်မှုများ ပြုခဲ့ရသည်။ မြန်မာစစ်တပ်သည် မိုင်စောင်စခန်းကို ကျူးကျော်သိမ်းပိုက်ပြီး နောက်တွင် အနီးရှိ အဲန်ဂါဂါရွာကိုမော်တာဖြင့်ပစ်ခတ်ခဲ့သဖြင့် နမ်ဘရူရွာသို့ ရွာသားများရွှေ့ပြောင်း နေထိုင်ခဲ့ရပါသည်။ ရွာသားများသည် နမ်ဘရူရွာရှိ KBC ဘုရားကျောင်းဝင်းတွင်မြန်မာစစ်တပ်မှ ဘုရားကျောင်းနှင့်ရွာကို မော်တာဖြင့်ပစ်ခတ်သည့်အချိန်ထိ နေထိုင်ခဲ့ကြပြီး တနိုင်းမြို့သို့ ပြေးခဲ့ကြရပြန်ပါသည်။ အဲန်ဂါဂါ၊ နမ်ဘရူ၊ ထန်ဘရာနှင့် ကောင်ရာရွာလေးရွာတို့သည် တိုက်ခိုက်ခံရပြီး လူပေါင်း ၄၀၉ ဦးနေရာရွှေ့ပြောင်းခဲ့ရပါသည်။

# မြန်မာနိုင်ငံမှစကားသံများ



**အမည်– စောဒိုစေး**
**အသက်– ၅၀**
**ရွာ– မော်ချီး၊ ကရင်နီပြည်နယ်**

“ကျွန်တော်ဟာ ၂၀၀၄ခုနှစ်အတွင်းမှာမြန်မာစစ်တပ်တွေကြောင့် နိုင်ငံတွင်း ထွက်ပြေး တိမ်းရှောင် နေရတဲ့ သူတွေကိုကူညီခဲ့ပါတယ်။ သူတို့ဟာ ဝန်ထုတ်ဝန်ပိုးလေးကြီးတွေကိုသယ်ပြီး အရမ်းကြောက်နေကြတယ်။ (သူတို့ ကိုယ်သူတို့ နွေးသွားအောင်) မီးလှုံဖို့ အတွက် မီးတောင် မဖိုရဲကြရှာပါဘူး။ ကျွန်တော် အရမ်းမျှော်လင့်ချက်မဲ့ခဲ့တယ်။ ကျွန်တော် တောင်ကုန်းထိပ်ဆီ တက်သွားပြီး မြန်မာစစ်တပ် အတွက်ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင်သူတို့ရဲ့စိတ်နှလုံးသားကို ထိတွေ့ခြင်းဖြင့် ဒီရွာသား တွေကိုထားခဲ့ပြီး တိုက်ခိုက်မှုမပြုလုပ်တော့ဖို့အတွက် ဆုတောင်းခဲ့ပါတယ်။ ဒါဟာ ရန်သူအတွက် ကျွန်တော် ပထမဆုံး ဆုတောင်းခဲ့ဖူးခြင်းဖြစ်ပါတယ်။”

“စစ်မှန်သောငြိမ်းချမ်းရေးဆိုတာဘုရားသခင်ထံမှသာရနိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရှိတဲ့ သူအားလုံး ဘုရားသခင်ကို သိရှိပြီး ငြိမ်းချမ်းရေးကိုပိုင်ဆိုင်စေလိုပါတယ်။ တိုက်ခိုက်မှုတွေဟာ အမြဲတမ်းဖြစ်ပွားနေမှာပဲဖြစ်ပြီး လူတိုင်း ရနိုင်တဲ့ မှန်ကန်သောငြိမ်းချမ်းမှုကတော့ ဘုရားသခင်ဆီကပဲဖြစ်ပါတယ်။”



**အမည်– နော်ထရီဇာ**
**အသက်–၂၅**
**ရွာ– လောခီးဒါး၊ သံလွင်မြစ်နှင့်နီးသည်။**

“ကျွန်မရဲ့ရွာဟာ တောင်ပေါ်မှာရှိပြီး အရမ်းပူပါတယ်။ စမ်းချောင်းနှစ်ခုကြားမှာ တည်ရှိပါတယ်။ စပါးစိုက်ကွင်းတွေရှိပြီး လူတွေဟာ တောင်ပေါ်မှာ စိုက်ပျိုးကြပါတယ်။ မြန်မာစစ်တပ်တွေ မရှိဘူးဆိုရင်ကျွန်မတို့ ကျောင်းစဖွင့်ပါတယ်။ ကျောင်း အစမှာ ကျွန်မ အမေဟာ ကျွန်မအတွက် အကျီအသစ်လေးဝယ်ပေးပါတယ်။ ကျောင်းကို အဲဒီအကျီလေးဝတ်သွားရတာ အရမ်းကြိုက်ပါတယ်။ ကျွန်မတို့လူမျိုးတွေ ပညာရေး ကောင်းကောင်းရစေလိုပြီး မြန်မာစစ်တပ်တွေရန်ကနေ ပြေးလွှား ရှောင်တိမ်းမှု မပြုရဖို့မျှော်လင့်မိပါတယ်။ ကျွန်မတို့ခေါင်းဆောင်တွေဗဟုသုတနဲ့ အမျှော်အမြင်ရှိခြင်းအားဖြင့် ငြိမ်းချမ်းရေးရရှိဖို့ ကိုဆုတောင်းပေးပါတယ်။”



**အမည်–နော်အက်စတာ**
**အသက်–၂၈**
**ရွာ–ညရိုးထာ၊ လူသောမြို့နယ်၊ မူတြောခရိုင်**

“မြန်မာစစ်တပ်ဟာကျွန်မတို့ရွာကို အကြိမ်ကြိမ်တိုက်ခိုက်တဲ့အတွက်ကြောင့် ကျွန်မအဖေဟာ ကျွန်မကို ဒုက္ခသည် စခန်းကို ပို့ခဲ့ပါတယ်။ ကျွန်မအဲဒီမှာမနေချင်ပေမဲ့၁၀နှစ်ကြာ နေထိုင်ခဲ့ရပါတယ်။ မြန်မာစစ်တပ်ရန်က ထွက်ပြေးတိမ်းရှောင်ဖို့မလိုတဲ့ အခြေအနေတည်ငြိမ်တဲ့ ရွာလေးကို ကျွန်မလိုချင်မိပါတယ်။ အခုလက်ရှိ ကျွန်မတို့ရွာလေးဟာတိုးတက်လာပြီး ရွာသားတွေ အစားအစာနဲ့အထောက်အပံ့တွေကို သယ်ဆောင်နိုင်အောင်ကူညီပေးတဲ့လမ်းအသစ်လေးတွေကို ဖောက်လုပ်ထားပြီးဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းအတွက်စက်ယန္တရားအသစ်တွေကို လည်းကျွန်မတို့ပိုအသုံးပြုလာနိုင်ပြီဖြစ်ပါတယ်။ မြန်မာစစ်တပ်ဟာကျွန်မတို့ရွာတွေကို မတိုက်ခိုက်တာနှစ်အတော်လေးကြာလာပြီဖြစ်တော့ ကျွန်မတို့လည်းပိုပြီးလုံခြုံလာပြီလို့ ခံစားရပါတယ်။ အခြားသူများလည်း ကျွန်မတို့ဒေသအနီးက ဒုက္ခသည်စခန်းတွေကနေထွက်ပြီး အိမ်ပြန်လာမယ် လို့မျှော်လင့်ပါတယ်။ မြန်မာစစ်တပ်တွေဘယ်တော့မှ မလာတော့အောင်နဲ့ ငြိမ်းချမ်းမှုရှိစေဖို့အတွက် ဆုတောင်းပါတယ်။”



အမည်– စောဂျိမ်းဖိုး
အသက်–၂၈
ရွာ– စီးဖြူကော်၊ ကရင်ပြည်နယ်

"ကျွန်တော်တို့မြက်ခင်းတွေရိတ်နေတဲ့အချိန်မှာ မြန်မာစစ်ကြောင်းတစ်ကြောင်းရောက်ရှိလာပြီး ကျွန်တော့်ကိုပြန်ပေးဆွဲခဲ့ပါတယ်။ သူတို့ဟာ ကျွန်တော့်ကိုစခန်းတစ်ခုကို ခေါ်ဆောင်သွားပြီး တပ်အတွက်ပစ္စည်းသယ်ပေးသူတွေအဖြစ်ခိုင်းဖို့အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ သူတို့တွေ မတွေ့ တဲ့အချိန်မှာကျွန်တော်ထွက်ပြေး လွတ်မြောက်လာခဲ့ပါတယ်။ အဲဒီနေ့က တနင်္ဂနွေ နေ့ဖြစ်ပြီး ဈေးထဲမှာ လူတွေအများကြီးရှိပါတယ်။ အဲဒီနောက်မှာ မြန်မာစစ်တပ် ရောက်လာပြီး ဈေးထဲမှာ ရွာသား အားလုံးကို သူတို့ရဲ့စခန်းကို အပြစ်ဒဏ်အနေနဲ့ ခေါ်ဆောင်သွားပါတယ်။ ရွာသားတွေအားလုံးလည်း သူတို့နည်းသူတို့ဟန်နဲ့ မြန်မာစစ်တပ်လက်ကနေထွက်ပြေး လွတ်မြောက်ခဲ့ကြပါတယ်။"

"လူတိုင်းငြိမ်းချမ်းစွာနေထိုင်ရပြီး ကျွန်တော်တို့မြန်မာနိုင်ငံမှာလက်ရှိအခြေအနေထက်ပိုပြီးတော့ လွတ်လပ်ရေး ရရှိစေဖို့ အတွက် ဆုတောင်းပါတယ်။"



အမည်– နော်ဂူးဝါး
အသက်– ၃၂
ရွာ– ဖောနမူးလိုး ၊ သံလွင်မြစ်အနီး

"ကျွန်မရွာဟာ တောင်ကုန်းလေးပေါ်မှာရှိပြီး ရွာထဲကိုစမ်းချောင်းလေးတစ်ခုဖြတ်ပြီး စီးဆင်းနေပါတယ်။ ရွာသားအားလုံးဟာ တောင်ယာသမားတွေပါ။ တစ်ခါကကျွန်မရဲ့အမေဟာ တောက်ပတဲ့လပြည့်ဝန်းကြီးကို ပြဖို့အတွက် ကျွန်မတို့ကိုခေါ်သွားဖူးပါတယ်။ လမင်းကြီးဟာအရမ်းလှတဲ့အတွက် အဲဒီညက ကျွန်မအရမ်းပျော်ခဲ့ပါတယ်။ နောက်တစ်ခါမှာတော့ ကရင်ရိုးရာအခမ်းအနားတစ်ခုကိုရောက်ခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာစစ်တပ်တွေရောက် လာပြီး ကျွန်မတို့ရွာကို မပြန်ရတော့ပါဘူး။ ကျွန်မတို့မိသားစုတွေနဲ့အတူ အခြားသောမြန်မာနိုင်ငံက သူတွေအားလုံး လွတ်လပ်စွာနေထိုင်ရစေဖို့ ကျွန်မမျှော်လင့်ပါတယ်။ ကျွန်မတို့ရဲ့ခေါင်းဆောင်တွေဘုရားသခင်ရဲ့ စကားကို နားထောင်ဖို့၊ ကြားဖို့၊ မှီခိုဖို့၊ ပြီးတော့ ဘုရားသခင်က သူတို့ကို အသိဉာဏ်ပညာပေးဖို့အတွက်ကျွန်မ ဆုတောင်းပါတယ်။"



အမည်– စောကွီးဖိုး
အသက်–၂၆
ရွာ– ကော်ဖိုးဖလေး၊ ဘီးလင်းမြို့၊ ကရင်ပြည်နယ်။

"ကျွန်တော်တို့ရွာမှာ ခရစ်စမတ်ပွဲတော်အတွက် ဒီဇင်ဘာလကိုနှစ်တိုင်းကြိုဆိုကြပါသည်။ ခရစ်ယာန်ကော ဗုဒ္ဓဘာသာဝင် ကောဒီပွဲကိုပါဝင်ဆင်နွှဲကြပါတယ်။

"၂၀၀၅ ခုနှစ်အတွင်းမှာ DKBAကျွန်တော်တို့ရွာကိုရောက်လာခဲ့ပြီး KNU ဆေးမှူးတစ်ဦးဖမ်းပြီး အိမ်တစ်အိမ်မှာ သော့ခတ်ထားခဲ့ပါတယ်။ သူလွတ်မြောက်သွားခဲ့တဲ့အတွက်အိမ်ကိုပိုင်တဲ့မိသားစုဟာ ထုံးစံအတိုင်း နွားလေးကောင်ကို ပေးခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ DKBA ကိုရော မြန်မာစစ်တပ်ကိုရောကြောက်ရပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော့်လူမျိုးတွေ မှန်ကန်တဲ့ငြိမ်းချမ်းရေးရပြီး လွတ်လပ်စွာခရီးသွားနိုင် အလုပ်လုပ်နိုင်စေဖို့အတွက် မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာနဲ့ တစ်ဦးကိုတစ်ဦးကူညီမှုအတွက် ဆုတောင်းပေးပါတယ်။"

# ကင်မရာနောက်ကွယ်မှလူတစ်ဦး– ပစ်ခတ်မှုများကြားကယ်တင်ရေးလုပ်ဆောင်ခဲ့သောမန်းကီး

မြန်မာနှင့်အီရတ်
*Free Burma Rangers*

ကျွန်တော်တို့ရဲ့ နောက်ဆုံးတစ်ခေါက်သွားခဲ့တဲ့ အီရတ်ခရီးစဉ်တာဝန်အတွင်းမှာ ဘုရားသခင်နဲ့ ကျွန်တော်တို့ရဲ့ အကြောင်းအရာအဖြစ်အပျက်ကို ရေးသားမျှဝေချင်ပါတယ်။

FBR ဗဟိုရုံးမှ ဖုန်းခေါ်ဆိုမှုရခဲ့သည့်အထူးသဖြင့်အပြည်ပြည်ဆိုင်ရာမစ်ရှင်ခရီးတိုင်းတွင်ကျွန်တော်သည် ဘုရားသခင်၏ခိုင်းစေမှု ဟုတ်မဟုတ်ကို သေချာစေရန်ဆုတောင်းပါသည်။ အရမ်းရိုးရှင်းသည့်ဆုတောင်းမှုတစ်ခုသာဖြစ်ပါသည်။ “ဘုရားသခင် ဒါဟာကိုယ်တော်ရဲ့ခေါ်ခြင်း ဟုတ်ပါ သလား။ အကယ်၍ ဟုတ်ပါက ကျွန်တော်သွားပါမည်။ မဟုတ်ပါက အစီအစဉ်ကို ရပ်တန့်စေမည့် ကိစ္စရပ်များကိုဖြစ်ပေါ်လာစေပါ”ဟုဆုတောင်းခဲ့ပါသည်။ ကျွန်တော်သွားခဲ့တဲ့ အကြိမ်တိုင်းတွင် မိမိကိုယ် ကိုယုံကြည်မှုရှိပါသည်။ သို့ရာတွင်အီရတ်သို့သွားခဲ့သည့် ယခုနောက်ဆုံးတစ်ကြိမ်တွင်တော့ ထိုသို့မဟုတ်ပါ။

ဤတစ်ကြိမ်သွားခဲ့ရာတွင် အလွန်တရာခက်ခဲလှသောအခြေအနေများကို မြင်တွေ့ခဲ့ပြီး အကူအညီလိုအပ်နေသော သူများကိုကူညီရန် ဆုံးဖြတ်ချက်ကို ချရန်ပင်ခက်ခဲခဲ့ပါသည်။ ကလေးမ လေးတစ်ဦးကိုကျွန်တော်တို့ ကယ်ဆယ်ခဲ့သည့် အချိန်ကိုမှတ်မိပါသည်။ လမ်းမပေါ်တွင် လူသေအလောင်းများစွာကို ကျွန်တော်တို့တွေ့ခဲ့ရပါသည်။ အချို့သောသူများသည် လူသေများ ကြားတွင် အသက်ရှင်လျက်ရှိသေးသည်ကိုလည်း တွေ့ခဲ့ရပါသည်။ အချိုသောဒဏ်ရာရအမျိုးသားများသည် အကူအညီရရန်အတွက်လက်ဝှေ့ရမ်း အကူအညီ တောင်းနေကြသည်။ ကလေးတစ်ချို့တို့သည် လမ်းလျှောက် နေကြသည်။ ကလေးအချို့တို့သည် လူသေအလောင်းများကြားတွင် ဆော့ကစားနေကြသည်။ ဤမြင်ကွင်းသည် ကျွန်ုပ်အားဝမ်းနည်းစေခဲ့သော်လည်း သူတို့ကိုကယ်တင်ရန်ကိုလည်း ကျွန်ုပ် ကြောက်လန့်ခဲ့ပါသည်။ ‘အကယ်၍ငါ့သား သမီး၊ ငါ့မိသားစုသာဖြစ်ရင် ဘယ်လို လုပ်မလဲ’ ဟုစဉ်းစားကာ ကျွန်တော်၏ ကြောက်ရွံ့မှုကို နှင်ထုတ်ပစ်ရသည်။ သမ္မာကျမ်းစာတွင်းမှ ယောဟန်၁၅း၁၃ “ကိုယ့်အဆွေတို့အဘို့အလို့ငှါ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ” ကိုပြန်လည်စဉ်းစား မိပါသည်။ သို့ရာတွင်ကျွန်ုပ်၏နှလုံးသားထဲတွင် “ကိုယ်တော်၊ ဒီအတိုင်း လုပ်ဆောင်ဖို့ကျွန်တော်အဆင်သင့် မဖြစ်သေးပါဘူး” ဟု ပြန်ပြောမိပါသည်။

ကျွန်တော်သည် Free Burma Rangers ရိန်းဂျားများအားလုံး၏လက်စွဲဆောင်ပုဒ်တစ်ခုဖြစ်သော “အကြောက်တရားသို့မဟုတ် သက်တောင့်သက်သာရှိမှုတို့၏သွေးဆောင်မှုကိုမခံရ” ကို ပြန်လည်မှတ်မိပါသည်။ ဤစည်းကမ်းသည်လည်း ကြောက်ရွံ့၍ ပျင်းရိသောကျွန်တော့်ကဲ့သို့သော သူတစ်ဦးကို ကယ်ဆယ်မှုပြုလုပ်ရန်အတွက် အားပေးတိုက်တွန်းမှု မပြုနိုင်ခဲ့ပေ။ ကျွန်တော်တို့၏ခေါင်းဆောင်ဒေးဗစ်က ကျွန်တော့်အား “ဘယ်သူကျွန်တော်နဲ့အတူသွားမလဲ” ဟု မေးသောအခါ ကျွန်တော်က ကိုယ့်နာမည်ကိုပြောရမည့်အစား “ဇူစမ်” (အခြား FBRကင်မရာသမား) တစ်ဦး၏အမည်ကိုဖြေခဲ့ပါသည်။ ကျွန်တော်တို့အတွက်ကမ္ဘာအနှံ့တွင် လူမြောက်များစွာက ဆုတောင်းပေးလျက်ရှိသည်ကိုကျွန်တော် သိသော်လည်း ကယ်ဆယ်ရေးကိုသွားရောက်လုပ်ဆောင်ရမည့်ဆုံးဖြတ်ချက်ကို ချရန်အတွက် ကျွန်တော်အားနည်းနေခဲ့ပါသည်။

ကယ်ဆယ်ရေးအတွက်ဖြစ်နိုင်သောနည်းလမ်းများနှင့် ပတ်သတ်၍ ကျွန်တော်တို့တိုင်ပင်ကြရာတွင်လိုအပ်သည့်အရာနှစ်ခုရှိပါသည်။ တစ်ခုမှာ အမေရိကန်တပ်များမှ မီးခိုးပုံးတစ်လုံးချပေးရန်နှင့်အခြားတစ်ခုမှာကျွန်တော်တို့ကိုကာကွယ်ရန်နှင့် ISIS ကိုပြန်လည်ပစ်ခတ်ရန်တင့်ကားတစ်စင်းအရှေ့မှ သွားပေးရန်ဖြစ်ပါသည်။ အကယ်၍ မီးခိုးပုံးနှင့်တင့်ကားကိုရရှိပါက ထိုကယ်ဆယ်မှုတွင် ကျွန်တော်ပါဝင်ကောင်းပါဝင်ရဲမည်ဟုစဉ်းစားမိပါသည်။ သို့ရာတွင် မီးခိုးပုံးနှင့် တင့်ကားတို့ ရလျှင်ပင် ကျွန်တော်သွားမည်



*ညာ– မိုစူးမြို့တွင်းမှ ကင်မရာလက်ထဲကိုင်ထားသောမန်းကီး။*





*အပေါ်ဘယ်– မန်းကီးနှင့် အီရတ်မှအခြားသောအဖွဲ့ဝင်များ အီရတ်တင့်ကားနောက်မှအကာအကွယ်ယူနေစဉ်။*
*အပေါ်ညာ– ဂျွန်လအစောပိုင်းကယ်ဆယ်ရေးအတွင်းဒေးဗစ်ယူးဘက်မှ မိန်းကလေးတစ်ဦးကိုချီထားပုံ။*

မသွားမည်မှာ ၁၀၀%မသေချာသဖြင့် ကျွန်တော်ထိုအရာတို့ကိုရရန် ဆုမတောင်းချင်ပါ။ ကျွန်တော်၏ ဘဝတွင် ဘုရားသခင်၏မှာကြားမှုများကို ဖြေကြားရန် အကြိမ်ပေါင်းများစွာ လျစ်လျူရှုခဲ့ဖူးပါသည်။ US စစ်တပ်ထံမှ မီးခိုးဗုံးရရန်အတွက်ကျွန်တော် မတွေးထင်ထားခဲ့သလို ဒေသခံအာဏာပိုင်များကလည်း တင့်ကား ပေးရန်ကျွန်တော်တို့၏ တောင်းဆိုချက်များကိုငြင်းဆန်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင်ဒေးဗစ်သည် အရှုံးမပေးခဲ့ပါ။ သူသည်ဆုတောင်းလျက် သူငယ်ချင်းများနှင့် စကားပြောခဲ့ပြီး ကျွန်တော်တို့အဖွဲ့သည်ဆွေးနွေးကာ အတူတကွဆုတောင်းခဲ့ကြပါသည်။

ထို့နောက်ကျွန်တော်တို့မည်သို့ကယ်ဆယ်ရေးပြုလုပ်မည်ဟု အချင်းချင်းပြောဆိုကာ လမ်းမကြီးဘေးမှ အဆောက်အအုံတစ်ခု တွင်ရပ်နေကြစဉ်တွင် လေထဲမှမီးခိုးဗုံးတစ်လုံးကျလာခဲ့သည်။ ကျွန်တော်တို့စကားပြောရပ်လိုက်ပြီး လမ်းထောင့်သို့ ပြေးဆင်းသွားကြသည်။ တင့်ကားကြီးတစ်စင်းရောက်ရှိလာပြီး လမ်းမကြီးဆီသို့လှည့်သွားသည်။ ဒေးဗစ်စတင်ပြေးပြီး "လိုက်ချင်တဲ့သူတွေ လိုက်ခဲ့ကြ"ဟု အော်ကာ ရှေ့မှဦးဆောင်သွားခဲ့သည်။

ကျွန်တော်စဉ်းစားဆုံးဖြတ်ချက်ချချိန်မရလိုက်ပါ။ ကျွန်တော့်နှလုံးသားထဲတွင် "ဒါဟာ ဘုရားရဲ့ ခိုင်းစေမှုဖြစ်တယ်။ ဘုရားအတူပါရှိတယ်" လို့အော်ဟစ်ပြောဆိုမိပါသည်။

ကျွန်တော်အုပ်စုနောက်ကိုပြေးပြီးလိုက်ခဲ့ပါသည်။ လိုအပ်တဲ့မီးခိုးနဲ့ တင့်ကား တစ်စီးကိုကျွန်တော်တို့ ရခဲ့တာကျွန်တော် မယုံနိုင်ပါ။ တင့်ကားသည် ကျွန်တော်ထင်ထားခဲ့သည်ထက်ပို၍ပင်ကြီးနေပါသေးသည်။ ကယ်ဆယ်ရေးပြီးနောက်တွင် ဆေးမှူးတိုး၊ကင်မရာသမား ဇုစမ်နှင့် ကျွန်တော်တို့သည်အီရတ်စစ်သားများအလယ်တွင်ရပ်နေခဲ့ပါသည်။ သူတို့ထဲမှ တစ်ဦးသည်ကျွန်တော့်မျက်လုံးထဲသို့အတန်ကြာမျှစကားမပြောပဲ ကြည့်နေပါသည်။ သူ၏မျက်လုံးများကကြင်နာမှုများ တွေ့ရပါသည်။ ထို့နောက်သူသည်အဆောက်အအုံအတွင်းသို့ဝင်သွားပြီး ဦးထုပ်တစ်လုံးဖြင့် ပြန်လည်ရောက်ရှိလာပါသည်။ ထိုဦးထုပ်ပေါ်တွင် S.W.A.T. ဟုရေးထားပါသည်။ ထိုဦးထုပ်ကိုကျွန်တော့်ခေါင်းပေါ်သို့ဆောင်းပေးပါသည်။ တိုးနှင့်ဇုစမ်တို့က "အိုး ဒါဟာဂုဏ်ပြုမှုကြီးပဲ" ဟုဆိုပါသည်။

ကျွန်တော် များများမစဉ်းစားနိုင်ပါ။ ကျွန်တော်စိတ်ထဲတွင် ပြန်လည်၍ စဉ်းစားနေမိပါသည်။

ထိုညတွင်ဖြစ်ပျက်ခဲ့သမျှနှင့်ကျွန်ုပ်လုပ်ဆောင်ခဲ့သည့်အရာကို ပြန်လည်သုံးသပ်ခဲ့ပါသည်။

၁) ကျွန်တော်တို့ကယ်ဆယ်ရေးလုပ်ဆောင်ခဲ့ပါသည်။

၂) ကျွန်တော်ဘုရားရဲ့စကား ယောဟန် ၁၅း၁၃ ကိုငြင်းဆန်ခဲ့ပါတယ်။

၃) ရိန်းဂျားဆောင်ပုဒ်ကိုကျွန်တော်ငြင်းဆန်ခဲ့ပါသည်။

၄) ကျွန်တော့်ခေါင်းဆောင်၏ခေါ်ဆိုမှုကိုကျွန်တော်ငြင်းဆန်ခဲ့ပါသည်။

၅) ကျွန်တော်ကိုယ်တိုင်ဆုတောင်းခဲ့ခြင်းမပြုသော်လည်းကျွန်တော်တို့လိုအပ်သည့်အရာအတိုင်း ကျွန်တော်တို့ရခဲ့ပါသည်။

စဉ်းစားကြည့်ပါ။ ကျွန်တော်ဟာဒီတာဝန်မှာ ဘုရားသခင်ရဲ့ဂရုဏာတော်နဲ့ သစ္စာတရားကြောင့်သာ တစ်စိတ်တစ်ပိုင်းအနေနဲ့ပါဝင်ခွင့်ရခဲ့တာ ဖြစ်ပါသည်။ လေးစားဂုဏ်ပြုထိုက်သူဟာ ကိုယ်တော်သာဖြစ်ပြီး ကျွန်တော်မဟုတ်ပါ။ ကယ်ဆယ်ရေး လုပ်ရန်ကိစ္စရပ်တိုင်းကိုငြင်းဆန်ခဲ့သည့်အတွက်ကျွန်တော် မထိုက်တန်ပါ။ ကိုယ်တော်ရဲ့ သနားဂရုဏာနဲ့ သစ္စာတရားကြောင့်သာ လျှင် ကျွန်တော်သွားရဲခဲ့ခြင်းဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်ဒီစာကို ရေးသားမျှဝေကာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော် ကိုချီးမွမ်းချင်ပါသည်။

ဘုရားသခင်သည်ကျွန်တော်၊ သင်နဲ့လူသားအားလုံးအပေါ်မှာသနားဂရုဏာ၊ သစ္စာတရားနဲ့ပြည့်ဝပါသည်။

ကျွန်တော်တို့အပေါ်မှာထားသည့်သနားဂရုဏာ၊ သစ္စာတရားတွေအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့ အတွက် ဆုတောင်းပေးနေကြသည့် ကမ္ဘာတစ်ဝှမ်းလုံးမှရှိတဲ့သူတွေကိုလည်း ကျေးဇူးတင်လိုပါသည်။ မိသားစုတစ်စုလိုအတူ တကွအလုပ်လုပ်ဆောင်နေကြသည့်ကျွန်တော်တို့ အဖွဲ့ဝင်တွေကိုလည်းကျေးဇူးတင်လိုပါသည်။ ကျွန်တော်တို့ကို ရဲဝံ့စွာနဲ့ ချစ်ခြင်း မေတ္တာ နဲ့ဦးဆောင်ပေးသည့် ကျွန်တော်တို့ခေါင်းဆောင်တွေကို ကျေးဇူးအထူးတင်ရှိပါသည်။



# မေ့ပျောက်စွန့်ပစ်ခံ–
# ရိုဟင်ဂျာတို့၏အဖြစ်အပျက်များ

## မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအနောက်ပိုင်းရခိုင်ပြည်နယ်အတွင်းတွင် ရိုဟင်ဂျာနှင့်ရခိုင်လူမျိုးများကြား လူမျိုးစုငယ် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အောက်တိုဘာလတွင် မြန်မာစစ်တပ်သည် စစ်တပ်ကင်းစခန်းများအား တိုက်ခိုက်မှုကိုပြန်လည် တုံ့ပြန်သည့်အနေဖြင့် လူမျိုးစုသုတ်သင်ရှင်းလင်းရေး အဓိကစစ်ဆင်ရေးကိုစတင်ခဲ့ပါသည်။ လူထောင်ပေါင်းများစွာထွက်ပြေးပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ ပေါ်ပေါက်ခဲ့ကြောင်းကိုမှတ်တမ်းတင်ခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့တွင် ရခိုင်ပြည်နယ်တွင်း နေရာအချို့တွင် စစ်တပ်မှ ဦးဆောင်သောတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ခဲ့ပြီး အဓိကစစ်ဆင်ရေးကြီးတစ်ခုဖြင့်လည်း တုံ့ပြန်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်ဩဂုတ်လ ၂၅ နောက်ပိုင်းမှစ၍နှစ်လအတွင်း ရိုဟင်ဂျာပေါင်း ၆၀၀၀၀၀ ကျော်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခဲ့ရပါသည်။ သူတို့သည် ယခုအခါတွင် ဒုက္ခသည်စခန်းများတွင်နေထိုင်လျက်ရှိပြီးနိုင်ငံတကာ အဖွဲ့အစည်းများထံမှ ဖြန့်ဝေပေးအပ်သောအကူအညီများပေါ်တွင်မှုတည်နေရပါသည်။ ဒုက္ခသည်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းကော်မရှင်၏ခန့်မှန်းချက်အရ စခန်းတွင်းမှ မိသားစုပေါင်း ၁၄၀၀၀ နီးပါးသည် မိဘတစ်ဦးတည်းဖြင့်ဦးဆောင်ရောက်ရှိလာပြီး မိသားစုပေါင်း ၃၄၀၀ တွင်မူ ကလေးတစ်ဦးမှ ဦးဆောင်ရောက်ရှိလာသည်ဟု သိရပါသည်။

ဤလူ့အခွင့်အရေးကပ်ကာလသည်ဒုတိယကမ္ဘာစစ်နှင့် အစောပိုင်းမှစတင်ကာနှစ်ပေါင်းများစွာကတည်းကစတင် အခြေတည်ခဲ့သည့်တင်းမာမှုမှ ပေါက်ကွဲဖြစ်ပေါ်လာခြင်းဖြစ်သည်။ အသိအမှတ်ပြုခြင်းမခံရသော မြန်မာပြည်မှ လူအုပ်စုတစ်စုဖြစ်သည့် ရိုဟင်ဂျာများသည် နိုင်ငံသားဖြစ်ခွင့်လည်းမရှိ၊ တရားဝင်မှတ်ပုံတင်လည်းမရှိ၊ တရားဝင်နေထိုင်မှုလည်းမရရှိခဲ့ပေ။ ယခင်က ရခိုင်လူမျိုးများနှင့်ငြိမ်းချမ်းစွာနေထိုင်ခဲ့သော်လည်း ယခုအခါတွင် တစ်ဦးကိုတစ်ဦးကြောက်ရွံ့မှုများဖြင့်နေထိုင်နေရပါသည်။ ရိုဟင်ဂျာများသည်နိုင်ငံသားဖြစ်လိုပြီး တစ်ဖက်တွင် မြန်မာစစ်တပ်၏ ဆက်လက်နှိပ်စက် ညှဉ်းပမ်းမှုနှင့်တိုက်ခိုက်မှုကိုကြောက်ရွံ့စွာရင်ဆိုင်နေရပါသည်။

ပါတနာကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးမှုအဖွဲ့ကဲ့သို့သောအဖွဲ့အစည်းများသည် ၂၀၁၂ခုနှစ်ကပင်လျှင် ဤနေရာတွင် အကူ အညီ၊ အထောက်အပံ့ပစ္စည်းနှင့် အကူအညီများကိုတတ်နိုင်သလောက်ထောက်ပံ့ပေးနေခဲ့ပါသည်။ နောက်လာမည့် စာမျက်နှာများတွင်  ဒုက္ခသည်စခန်းတွင်းနေထိုင်ရသည့်ပုံစံ၊ မည်သူတို့နေထိုင်သည်နှင့် မည်သို့ ဆုတောင်းရမည်တို့နှင့်ပတ်သတ်၍ ရိုဟင်ဂျာများနှင့်ရိုန်းဂျားများ၏ဖော်ပြချက်များပါရှိပါသည်။




# ဆုတောင်း၊ လုပ်ဆောင်၊ ချီးမွမ်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ
*ပါတနာကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့*

ဘောလုံးကဲ့သို့လွယ်လွယ်လေးကွေးလိုက်ပြီး မည်သူမျှမမြင်နိုင်အောင် ပုန်းလိုသည့်ဆန္ဒဖြစ်ဖူးပါသလား။ သင်၏ပတ်ဝန်းကျင်တွင်အရာအားလုံး ပြိုလဲသွားသော်လည်းထိုအခြေအနေကို ရပ်တန့်ပစ်ရန်သင်မစွမ်းဆောင်နိုင်သည့်အပြင် ထိုအခြေအနေမှ ထွက်ခွာရန် လမ်းမရှိတော့သည့် အချိန်များ ရှိဖူးပါသလား။ ကျွန်တော်တိုအားလုံး ဒီလိုအချိန်မျိုးတွေ ရင်ဆိုင်ရဖူး ပါသည်။ ကျွန်တော်တို့အိပ်ရာကထလာပြီးမှစောင်ကိုခေါင်းပေါ်ပြန်ချုံပြီး ဆက်ပြီးတော့အိပ်ပျော်လို့သာနေချင်မဲ့အချိန်မျိုးပေ့ါ။ စီစဉ်ထားတဲ့အရာတစ်ခုမှ အဆင်မပြေတဲ့နေ့လိုမျိုးပေ့ါ။ ဘောလုံးတစ်လုံးလိုကွေးပြီး ကမ္ဘာကြီးအဝေးကို ပုန်းရှောင်နေလိုက် တာဟာ အကောင်းဆုံးဖြစ်မဲ့ နေ့ရက်တွေပါပဲ။ အရာအရာအတွက် အားရပါးရငိုကြွေးပစ်လိုက်တာဟာ အကောင်းဆုံး ဖြစ်မဲ့အချိန်ပါပဲ။

ဟုတ်ကဲ့။ ကျွန်တော်ဤကဲ့သို့သောအခြေအနေမျိုးတွင် ယခုရောက်ရှိနေပါသည်။ သို့ရာတွင် ကျွန်တော်မျက်ရည်မကျနိုင်သလို ဘောလုံးလိုလည်းခွေခွေလေးနေဖို့အချိန်မရှိပါ။ အလုပ်တွေလုပ်စရာရှိနေပါသေးသည်။ ထို့ကြောင့် ကျွန်တော်သည် “ဆုတောင်း၊ လုပ်ဆောင်၊ ချီးမွမ်း” မည်ဟူသောကြွေးကြော်မှုတစ်ခုကိုပြုလုပ်ခဲ့ပါသည်။

ရိုဟင်ဂျာပေါင်း ၆၀၀၀၀၀ ကျော်သည် မြန်မာနိုင်ငံတွင်းဖိနှိပ်ခံရမှုအောက်မှ လွတ်မြောက်ဖို့ရန် ကြပ်တည်းလှသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆီသို့ခက်ခဲကြမ်းတမ်းစွာခရီးနှင်လာခဲ့ရပါသည်။ အသစ်ရောက်လာသူများ၏မျက်နှာများသည် ဖြူဖပ်ဖြူရော်ဖြစ်နေပါသည်။ သူတို့သည်အူလှိုက်သည်းလှိုက်တုန်လှုပ်နေကြပြီး တစ်နေရာမှတစ်နေရာသို့ အကြောင်း မရှိပဲသွားလာနေကာ၊ မိမိတို့မိသားစုအတွက်သက်မွေးဝမ်းကြောင်းစရာ ရလိုရငြား၊ ပုံမှန်ပြန်လည်ဖြစ်စေရန် နည်းလမ်းများကိုကြိုးစားရှာဖွေနေကြပါသည်။ ကူးစက်ရောဂါများ၊အဆုတ်ရောင်ရောဂါနှင့် ဆိုးဝါးသောအာဟာရချို့တဲ့မှု များသည်သူတို့နှင့်အတူပါလာခဲ့သည်။ ထိုသို့သောအခြေအနေမျိုးရှိသည့်ရာပေါင်းများစွာသောလူအုပ်စုလေးများသည် အကူအညီများဖြန့်ဝေပေးသည့်နေရာတစ်ခုမှာတန်းစီစောင့်ဆိုင်းနေကြသည်။ သို့ရာတွင်အကူအညီပေးသူများသည် ထိုသူအားလုံးအတွက်မည်သို့အပြည့်အဝဖြန့်ဝေပေးနိုင်မည်နည်း။  ဝရုန်းသုန်းကားဖြစ်ခြင်း၊ တွန်းခြင်း၊ တိုက်ခြင်းနှင့် အော်ဟစ်ခြင်းတို့ကိုတွေ့မြင်ရမည်ဟုမျှော်လင့်ထားသော်လည်းထိုသို့သောအခြေအနေတစ်စုံတစ်ခုမှမရှိခဲ့ပေ။ ထိုသို့ပြုလုပ်ရန် အတွက်အင်အားစွမ်းရည်ကိုလိုအပ်သော်လည်း ထိုသူတို့တွင်ထိုအင်အားများမရှိတော့ပေ။ ထိုအစားသူတို့သည် ပင်ပန်းနွမ်းနယ်စွာဖြင့် ပုံစံပေးထားသည့်အတိုင်းမတ်တပ်ရပ်ကာ နေ့တစ်နေ့အတွက်ခံယူချက်မရှိတော့ပဲ တန်ဖိုးရှိသောအစားအစာအိတ်ဖြူလေးပေါ်တွင်လောက်သာမျှော်လင့်ထားကြသည့်ပုံပေါ်ပါသည်။

ဒုက္ခသည်စခန်းများအတွင်းကားဖြင့်လှည့်လည်ကြည့်နေစဉ်တွင်အသစ်ထပ်မံရောက်ရှိလာသူများ၏ စိတ်ဓါတ်ကျနေသော မျက်နှာများကိုတွေ့ရသဖြင့် ဤအဖြစ်အပျက်ကိုကျွန်တော်ကျောင်းတက်စဉ်ကသင်ခဲ့ရသောသမိုင်းဘာသာရပ်မှ ဒုတိယ ကမ္ဘာစစ်ပွဲအခြေအနေနှင့်ဆက်စပ်မိပါသည်။ ဤအခြေအနေကိုဖော်ပြရာတွင် မီဒီယာများမှ မျိုးတုံးသတ်ဖြတ်ခြင်းဆိုသည့်အသုံးအနှုန်းများကို သုံးခဲ့ကြပါသည်။ ကျွန်ုပ်တို့တွေ့မြင်နေရသည့်အရာများနှင့်ကြားရသောအဖြစ်အပျက်များကြောင့်လည်း ဤအခြေအနေကိုထိုအသုံးအနှုန်းအတိုင်းဖော်ပြရန်အပ အခြားမရှိပေ။ ဤအပိုင်းသည်ငိုယိုကာ ဘောလုံးကဲ့သို့ပြန်လည် ကွေးနေလိုသည့်အပိုင်းဖြစ်ပါသည်။ အရာအားလုံးကိုကြုံတွေ့ရခြင်းနှင့် အသိုင်းအဝိုင်းတစ်ခုလုံး၏အကျိုးဆက်ကို တွေ့မြင်ရသည့် စိတ်ခံစားချက်မှာပြင်းထန်လှပါသည်။

*အပေါ်– ပါတနာအဖွဲ့ဝင်တစ်ဦးနှင့်ဝမ်းနည်းကြေကွဲနေသောအမျိုးသားတစ်ဦး (ဓါတ်ပုံ– PRAD)*
*ဆန့်ကျင်ဘက်အပေါ်– ဒုက္ခသည်စခန်းများအတွင်းတွင် ပြောင်းရွှေ့နိုင်သောတဲအိမ်များကိုပုံစံအမျိုးမျိုးဖြစ်တွေ့နိုင်ပါသည်။ ဤတဲလေးများကို အဝတ်စအနည်းငယ်နှင့်တိုင်အချို့တို့ဖြင့်သာတည်ဆောက်ထားသည်။*
*ဆန့်ကျင်ဘက်အောက်– ရိုဟင်ဂျာအမျိုးသမီးများ အစားအစာနှင့် အထောက်အပံ့အတွက်စောင့်ဆိုင်းနေပုံ။*





> ထိုအခါ တောဥ္စကား တရားသဖြင့်စီရင်ခြင်းတည်၍ အသီးအနှံများသော လယ်ဥ္စကား ဖြောင့်မတ်ခြင်းပါရမီသည် အမြဲနေရလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားသည်လည်း ငြိမ်သက်ခြင်းကိုပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း။”
>
> ဟေရှာယ၃၂း၁၆–၁၇

ကျွန်တော့်၏ တစ်စိတ်တစ်ပိုင်းသည် သူတို့ကို လျစ်လျူရှုပြီး ဘောလုံးကဲ့သို့ ကွေးကာအပြင်သို့ ထွက်ရန် စောင့်ဆိုင်းချင်မိပါသည်။ သို့ရာတွင် ဤသို့ပြုလုပ်ပါက အခြေအနေကို ပြောင်းလဲနိုင်မည် မဟုတ်ပေ။ လက်တွေ့တွင် လုပ်ဆောင်ပြုမူချက်များက သာဤ အဖြစ်အပျက်များကို လျော့ပါးသက်သာသွားစေမည်ဖြစ်ပါသည်။ အခြားရွေးချယ်စရာမရှိပါ။ ထို့ကြောင့် စိတ်ပျက်အားလျော့နေမည့်အစားကျွန်ုပ် ဆုတောင်းခဲ့ပါသည်။  ဖိနှိပ်ထားသူများ၏ နှလုံးသားပြောင်းလဲစေရန် နှင့် စီရင်ချက်ကျခံရစေရန်အတွက် ကျွန်ုပ် ဆုတောင်းပါသည်။ သူတို့ ညှင်းပန်းနှိပ်စက်ထားသောသူများကိုသနားဂရုဏာရှိလာစေရန်အတွက် ဆုတောင်းပေးပါသည်။ သူတို့ ကျူးလွန်ထားသောမကောင်းသည့် အမှုများကို သိရှိကာ ထိုမှတဆင့် ခွင့်လွှတ်မှုကိုရှာဖွေနိုင်စေရန် အတွက် ဆုတောင်းပေးပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် စစ်တွေမြို့တို့သို့ တရားမျှတမှန်ကန်သော အဖွဲ့အစည်းများ ရောက်ရှိလာပြီး ရိုဟင်ဂျာများအတွက် အကူအညီများ၊ ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထောက်မ ဆောင်ရွက်ပေးစေရန်အတွက် ဆုတောင်းပေးပါသည်။ ရိုဟင်ဂျာများကို ကူညီရန်၊ သူတို့ကိုချစ် သောသူများရှိကြောင်းကိုပြသရန်၊ သူတို့သည်တန်ဖိုးရှိသူများဖြစ်ပြီး သူတို့အတွက်ရပ်တည်သူများရှိကြောင်းကို သစ္စာတရားရှိရှိ ရှေ့ထွက်ကူညီရဲသည့်သတ္တိအတွက်ဆုတောင်းပေးပါသည်။ ရိုဟင်ဂျာများ သူတို့အသိုင်းအဝိုင်းအတွင်း အင်အားရှိလာစေရန်နှင့် ကျွန်ုပ်တို့သည် သူတို့အသက်တာအတွင်းသို့တိုးတက်မှု၊ လွတ်မြောက်မှု၊ စွမ်းအားမြှင့်လာခြင်းနှင့် ကောင်းချီးမင်္ဂလာတို့ကိုဆောင်ယူနိုင်စေရန်အတွက် ဆုတောင်းပေးပါသည်။

ဤအရာများကိုသူ့အလိုလိုရနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ ယခုအခါ ကျွန်ုပ်တို့အလုပ်လုပ်နေပြီဖြစ်သည်။ လုပ်ငန်းခွင်မှ ကျွန်ုပ်တို့၏ဒေသခံဝန်ထမ်းများနှင့်အတူ အပတ်စဉ်တိုင်း အဖော်ပြုကူညီပေးမည့် အသင်းများ ကျွန်ုပ်တို့ထံတွင်ရှိနေပါသည်။ ကျွန်ုပ်တို့သည်အစားအစာများ၊ ပရိုတင်းဓါတ်မြင့်သော အစားအစာအိတ်များ(ဆိုးရွားသော ဟာရချို့တဲ့မှုအတွက်) နှင့် နားခိုရန်အတွက် ပို၍ကြံ့ခိုင်သောတာလပတ်များကို ဖြန့်ဝေရန် စီစဉ်ကာကူညီထောက်ပံ့ပေးပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတကာမှ သိရှိစေရန်အတွက်သူတို့၏အသံများကို ကြားစေရန် သူတို့၏ အဖြစ်အပျက်များကို ဝေမျှအသိပေးသည့် အင်တာဗျူးများ၊ ဓါတ်ပုံများ နှင့်ဗီဒီယိုများကိုရိုက်ကူးပေးပါသည်။ ကျွန်ုပ်တို့သည့် လွန်ခဲ့သည့်သုံးနှစ် အတွင်းက သင်တန်းပို့ချပေးခဲ့သော  ရိုဟင်ဂျာအသိုင်းအဝိုင်းကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့ကျောင်းသားများကိုစေလွှတ်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကိုမရနိုင်သော၊ တည်ဆောက်ထားသော ဆေးပေးခန်းများသို့ မသွားရောက်နိုင်သော ဖျားနာသူများကို လိုက်လံရှာဖွေကူညီစေပါသည်။ ရိုဟင်ဂျာများအတွက် ပေးအပ်သောကျွန်ုပ်တို့အကူအညီများ ထိရောက်မှုရှိစေရန် အစဉ်သဖြင့် ပြန်လည်သုံးသပ်ခြင်း၊ အစီအစဉ်ပြန်လည် ချမှတ်ခြင်းနှင့် နည်းဗျူဟာများပြန်လည်ချမှတ်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

ဤအခြေအနေတွင်မည်ကဲ့သို့ချီးမွမ်းခြင်းကိုလုပ်ဆောင်နိုင်မည်နည်း။ သင်ဤမေးခွန်းကိုမေးမည်ကိုကျွန်ုပ်သိပါသည်။ ဤသို့သော အဖြစ်အပျက်များ အမှန်တကယ် ဖြစ်ပေါ်နေသည့်အချိန်တွင်ဘုရားသခင်အား ချီးမွမ်းရမည့် အကြောင်းအရာကို သင်မည်သို့တွေ့ရှိနိုင်မည်နည်း။ ရိုးရှင်းစွာပြောရလျှင်ဤအရာသည်လွယ်ကူပါသည်။ ဘုရားသခင်သည် ကောင်းမြတ်ပြီး သူ၏ကတိတော်များသည်စစ်မှန်ပါသည်။ ဤဝရုန်းသုန်းကားဖြစ်မှုများကြားတွင်သူသည်အစဉ်အမြဲရှိနေပါသည်။ မျှော်လင့်ချက် မရှိသည့်အခြေအနေများတွင်နေထိုင်နေစေကာမူ လူတို့သည် စစ်မှန်သောပျော်ရွှင်မှုအတွက် အချိန်ရကြသည်။ ကလေးများသည် ထူးဆန်းသောမျက်နှာသစ် နိုင်ငံခြားသားများအလယ်တွင်စုရုံးကာစခန်းအတွင်းတွင်ရယ်မောသံလေးများ ဖြင့်လွှမ်းမိုးစေပါသည်။ သူတို့သည် ဘဲလေးအကနှင့် အခြားသော ကျွန်ုပ်တို့ သင်ပြပေးသည့် ကစားနည်းများကို တက်ကြွစွာ ပါဝင်ကြသေးသည်။ ကျန်းမာရေးလုပ်သား များသည် ကျန်းမာရေးအပိုင်းအတွက်ဆေးခန်းတွင် စိတ်ပါလက်ပါပါဝင် ကူညီကြသည်။ ထိုသို့ကူညီကြပြီးနောက်တွင် ရွှင်လန်းတက်ကြွစွာဖြင့် သူတို့အတွက် အသစ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများကိုလေ့လာတွေ့ရှိကြသည်။  ကမ္ဘာတဝှမ်းလုံးမှ NGOs များသည် ရိုဟင်ဂျာများကို ကူညီရန်အတူတကွရောက်ရှိလာကြသည်။ ဒေသခံဘင်္ဂါလီလုပ်အားပေးများသည်လည်းသူတို့အတွက်အချိန်ပေးကာသူတို့၏ အိမ်နီးချင်းအသစ်များအတွက် လိုအပ်သော အစားအစာနှင့်နေစရာအကာအကွယ်တို့ကိုထောက်ပံ့ပေးအပ်ကြသည်။ ဟုတ်ပါသည်။ ထိခိုက်ခံစားရမှု သည်ပြင်းထန်လွန်း လှပါသည်။ ဖိနှိပ်မှုများ ဆက်လက်ဖြစ်ပွားနေသည်မှာလည်းဟုတ်ပါသည်။ ကျွန်တော်တို့သည် မျိုးတုံးသတ်ဖြတ်မှု အလယ်တွင်ရောက်နေသည်မှာလည်းဟုတ်ပါသည်။ လုပ်စရာမြောက်မြားစွာရှိနေသည်မှာလည်း ဟုတ်ပါသည်။ သို့ရာတွင် ဤအရာတို့မှတဆင့်ပျော်ရွှင်ဖွယ်ကာလများနှင့် မျှော်လင့်ချက်များ ရောင်နီသန်းလာခဲ့ပါသည်။ ဤကာလများမှ တဆင့် ကျွန်တော်သည် ချီးမွမ်းခြင်းပြုရန် အကြောင်းအရာကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ဆုတောင်း၊ လုပ်ဆောင်၊ ချီးမွမ်း၊ ပြီးနောက်ကျွန်တော်တို့ ရှေ့သို့ ချီတက်နေဆဲပင်။



# ကလေးတစ်ယောက်၏ မျက်လုံးများမှတဆင့်

ခေါ့စ်ဘဇား၊ ဘင်္ဂလားဒေ့ရှ်
*Free Burma Rangers*

ရှာမင်းနှင့်ရာဖီတို့သည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ခေါ့စ်ဘဇားရှိ ဆေးရုံတစ်ရုံ၏ အခန်းတစ်ခုတွင်ရောက်ရှိနေကြသည်။ ရှာမင်းသည် ခုနှစ်နှစ်ဖြစ်ပြီးရာဖီသည် ရှစ်နှစ်ဖြစ်သဖြင့် အသက်အရွယ်အတူတူ နီးပါးပင်ဖြစ်သည်။ ထိုအခန်းထဲတွင် သူတို့နှစ်ဦးတည်းသာ ရှိနေသည်မဟုတ်ပေ။ မဟာမတ်ဆိုသည့်သူတို့၏ ဖခင်များနှင့် အသက်အရွယ်တူသည့်အမျိုးသား တစ်ဦးလည်းရှိနေသေးသည်။ ထို့အတူ အခြားသော အမျိုးသားကြီးတစ်ဦးလည်း အခန်းအဆုံးတွင် ရှိနေသေးသည်။ ထိုသူ၏မျက်နှာပေါ်တွင် ဆိတ်နှင့်တူသည့်မီးခိုးရောင်မုတ်ဆိတ်သဲ့သဲ့ကို တွေ့ရပါသည်။ သူ၏အနီးအနားတွင်မိသားစုများစွာအချိန်တိုင်းရောက်ရှိနေပါသည်။ သူတို့၏မိခင်များလည်း ထိုနေရာတွင်ရှိနေပါသည်။

ရှာမင်းနှင့်ရာဖီသည် အလွန်သေးငယ်သောဘောင်းဘီတိုလေးများကိုတူညီစွာ ဝတ်ဆင်ထားပါသည်။ ရှာမင်း၏ ဘောင်းဘီမှာ အစိမ်းရောင်ဖြစ်ပြီးရာဖီ၏ ဘောင်းဘီမှအနီရောင်ဖြစ်သည်။ ဆေးရုံထဲတွင် အတော်လေးနွေးသဖြင့် အခြားသော အဝတ်အစား အပိုများဝတ်ဆင်ရန်မလိုပေ။ သူတို့၏ ခြေထောက် ပေါ်တွင် စည်းထားသော ပတ်တီး အဖြူရောင်သည်ပင်လျှင်အတူတူပင်ဖြစ်နေပါသည်။ ရှာမင်းအားပတ်တီးစည်းထားသောခြေထောက်မှာ ဘယ်ဘက်ဖြစ်ပြီး ရာဖီ၏ပတ်တီးစည်းထား သော ခြေထောက်မှာညာဘက် ဖြစ်ပါသည်။ ပတ်တီးများသည် အလွန်ကြီးမားသည့်အပြင် ပူလောင်လှပြီး သူတို့၏ ခြေချောင်းလေး

*လုံခြုံရေးအရနာမည်ပြောင်းလဲဖော်ပြထားသည်*

*ဘယ်ဖက်– ခေါ့စ်ဘဇားရှိဆေးရုံပေါ်မှရှာမင်း*

များမှ ဒူးအထက် ထိရှည်ပါသည်။ အလွန်ပင်လေးလံလှပါသည်။ ခြေထောက်ကိုရွှေ့ရန်လည်းမလွယ်လှပေ။ ဤဆေးရုံတွင် အစားအစာများကို အိုးနှစ်လုံးဖြင့်နေ့စဉ်ကျွေးမွေးပါသည်။ တစ်အိုးမှထမင်းအိုးဖြစ်ပြီးတစ်အိုးမှ ဟင်းအိုးဖြစ်ပါသည်။ အမျိုးသားတစ်ဦးသည် တွန်းလှည်းဖြင့် တွန်းကာ ထမင်းဟင်းကိုမိမိပန်းကန်အတွင်းသို့ထည့်ပေးသဖြင့် နေရာမှ အစာစားရန် သွားလာစရာမလိုပေ။ အိပ်ရာထဲတွင်ပင်စားနိုင်ပါသည်။

ရှာမင်း၏မိခင်သည်ရှာမင်းအတွက် အစစအရာရာကူညီပေးပါသည်။ သူမသည် အလွန်သန်မာပါသည်။ တစ်ခါက သူမသည်သားလေးအား ရှစ်ရက်ဆက်တိုက်သယ်ခဲ့ဖူးပါသည်။ ထိုစဉ်က သူ၏ခြေထောက် ပထမဆုံး အနာတရဖြစ်ကာ လမ်းမလျှောက် နိုင်သည့် အချိန် ဖြစ်ပါသည်။ သူသည်ထိုအချိန်ကအလွန်ပင်ကြောက်ရွံ့နေရှာသည်။ စစ်သားဆိုးများသည် သူတို့၏ရွာသို့ ရောက်ရှိလာခဲ့သည်။ လူဆိုးများဖြစ်ကြောင်းကိုရှာမင်း သိနေခဲ့သည်။ သူတို့သည်ရှာမင်း၏ ဖခင်အားသတ်ခဲ့ကြသော စစ်သားများနှင့်အတူတူပင်ဖြစ်ပါသည်။ ရှာမင်းကလေးဘဝအသက်ငါးနှစ်အရွယ်တွင် ဖခင်ဖြစ်သူသည် ငါးဖမ်းလှေသို့ သွားရာမှပြန်မလာတော့ပေ။ သူတို့ရွာနဘေးမှမြစ်သည်အလွန်ကြီးမားပြီး ရွာဘေးနှစ်ဘက်စလုံးမှစီးဆင်းနေသဖြင့် သူတို့ရွာသားအများစုသည် ငါးဖမ်းကာအသက်မွေးကြပါသည်။ ရှာမင်း၏ဖခင်သည်နေ့တိုင်းငါးညှိနံ့နှင့် အတူ ငါးဖမ်းပြီး အိမ်ပြန်လာလေ့ရှိသည်။ ရှာမင်းသည်တခါတရံ ဖခင်နှင့်အတူမြစ်ကြီးဆီသို့သွားကာ သူ၏ဖခင်ငါးဖမ်းကွန်ကို သန့်ရှင်းရေးလုပ်နေသည်ကိုထိုင်ကြည့်လေ့ရှိသည်။ သူ၏ဖခင်ဈေးထဲသို့ ယူဆောင်သွားလေ့ရှိသည့်သေးငယ်သောငွေရောင်ငါးချောချောများကို ထိတွေ့ရသည်ကိုသူအလွန်နှစ်သက်ပါသည်။ လှေပေါ်သို့ တက်ကာ ငါးဖမ်းသမားလုပ်တမ်းကစားခဲ့ဖူးပါသည်။ လှော်တက်များကို ကိုင်ရန် ကြိုးစားသော်လည်းအလွန်လေးလံလှပါသည်။ သူ၏ဖခင်သည် ထိုလှော်တက်များကိုအသုံးပြုကာလှော်ခတ်၍ ငါးဖမ်းနိုင်သော ခွန်အားကြီးသူတစ်ဦးဖြစ်ပါသည်။ သို့ရာတွင်တစ်ညနေတွင် သူ၏ဖခင်အိမ်သို့ မပြန်လာတော့ပါ။ နောက်ပိုင်းတွင်သူ၏ မိခင်ကဖခင်ပြန်လာတော့မည်မဟုတ်ကြောင်းကိုပြောပြပါသည်။ သူတို့ရွာ အပြင်ဘက်တွင်စခန်းချနေသော စစ်သားများကို ညွှန်ပြကာ “သူတို့ မင်းအဖေကိုသတ်တာ” ဟုပြောပြပါသည်။ ထိုအချိန်မှစ၍ “သတ်သည်” ဟူသည့်အဓိပ္ပါယ်မှာ “အိမ်သို့ပြန်မလာခြင်း” ဟုသူသိခဲ့ပါသည်။

ထို့ကြောင့်စစ်သားများသူတို့၏ရွာသို့ရောက်လာသောအခါ သူတို့သည် ဆိုးရွားသောသူများဖြစ်ကြောင်းသူသိထားပြီးဖြစ်ပါ သည်။ သူတို့သည် သစ်ရွက်ကဲ့သို့အရောင်ရှိသော အစိမ်းရောင် အဝတ်အစားများကိုဝတ်ဆင်ထားပါသည်။ သူတို့သည် သေနတ်ကြီးများ၊ ဓါးကြီးများကိုကိုင်ဆောင် ထားပြီး စိတ်ဆိုးနေပုံပေါက်ပါသည်။ အစတွင်သူတို့ ဘာစကားမှမပြောပါ။ သူတို့သည်ရွာကိုဝန်းရံထားလိုက်ကြပါသည်။ သုံးရက်လုံးလုံးသူတို့သည်ရွာထဲတွင်ရှိနေပြီး ရွာထဲတွင်တစ်ဦးနှင့်တစ်ဦး မတ်တပ်ရပ်စကားပြောနေကြသည်။ တစ်ညတွင် သူတို့သည် အော်ဟစ် သေနတ်ပစ်ကာ ဓားများကိုဝှေ့ယမ်း နေကြပါသည်။ ရှာမင်းအလွန်ပင်ကြောက်ရွံ့ခဲ့ပါသည်။ သူ၏အိမ်သို့သူပြန်ပြေးခဲ့သည်။ စစ်သားတစ်ဦးဝင်လာပြီး ရှာမင်းပုန်းနေသော နေရာမှထုတ်ကာ သေနတ်ဖြင့်ချိန်ပြီးပစ်ခဲ့သည်။ (ရှာမင်းသည်ဤအဖြစ်အပျက်ကို လက်ရမ်းခြေရမ်း အသံမျိုးစုံဖြင့်ရှင်းပြပြီး မျက်လုံးပြူးပြူး အသံပုံစံမှန်မှန်ဖြင့်ပြောပြခဲ့ပါသည်။)

ရှာမင်းသတိမေ့သွားခဲ့ပါသည်။ သူ၏မိခင်အိမ်ထဲဝင်လာပြီး သူ့ ကိုတွေ့သွားပါသည်။ ရှာမင်း၏ ခြေထောက်အောက်ပိုင်း သေနတ်ပစ် ခံရသဖြင့် ကျည်ဆန်မှန်ကာ အရိုးများကျိုးသွားခဲ့ရပါသည်။ သူမသည် ပိတ်စတစ်စကိုရှာဖွေကာ သွေးတိတ်အောင် ပတ်တီးစည်းပေးခဲ့သည်။ ထို့နောက်တွင် သားလေးအားချီပြီးထွက်ပြေးခဲ့သည်။ သုံးရက်လုံးလုံး သားလေးအားချီထားခဲ့သည်။ ရှာမင်းသည်အသက်ရှင်နေသေးသော်လည်း သတိမရတော့ပေ။ နောက်ဆုံးတွင် ပြန်လည်သတိရလာပြီး ရေတောင်း သောက်ခဲ့သည်။

ရှာမင်းနိုးလာသောအခါဝမ်းဗိုက်အလွန်နာပြီး ရေဆာနေသည်။ အထူးသဖြင့် သူ၏ခြေထောက်မှာ အလွန်တရာနာကျင် နေခဲ့သည်။ သူလမ်းပင်မလျှောက်နိုင်ခဲ့ပေ။ သူ၏မိခင်ကသူ့အားချီထားရသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်သော်လည်း ဘယ်နေရာရောက်နေသည်ကိုသူ မသိပေ။ ပတ်ဝန်းကျင်တွင်သစ်ပင်များစွာရှိနေပါသည်။ သစ်ပင်များသည် မျက်စိတဆုံး ဖြစ်နေသည်။ စားစရာလည်းမရှိပေ။ အချိန်အကြာကြီး လမ်းလျှောက်ပြီးသည့်နောက်တွင် အခြားသော လမ်းလျှောက်နေသူ များနှင့်သူတို့တွေ့ဆုံခဲ့ကြသည်။ သူတို့သည်လည်း စစ်သားဆိုးများရန် မှ ထွက်ပြေးလာသူများဖြစ်ပါသည်။ ထိုသူတို့ထံတွင် အစားအစာအနည်းငယ်ရှိပါသည်။ သူတို့အစားအစာအနည်းငယ်ပေးသဖြင့် အတူတကွလမ်းဆက်လျှောက်ခဲ့ကြသည်။

ထိုသို့လမ်းလျှောက်လာစဉ် သစ်ပင်များ တဖြည်းဖြည်းသေးငယ်လာသည်။ အလင်းရောင်အနည်းငယ်စတင် ကျရောက်လာ ပါသည်။ သူ့အရှေ့ တွင် မြစ်ကြီးတစ်ခုကိုတွေ့လိုက်သောအခါတချိန်ကသူတို့အိမ်ဘေးမှ မြစ်ကိုပြန်လည်စဉ်းစားသတိရမိပါသည်။ ထိုနေရာတွင်လူများစွာရှိပါသည်။ သူတို့စားစရာများရှိပါသေးသလား။ သူ၏မိခင်သည်အခြား သူများနှင့် စကားပြောဆို နေသည်ကိုသူကြားနေရပါသည်။ “ငါတို့တစ်ဖက်ကမ်းကို ဖြတ်ရမယ်။” “အဲဒီမှာလှေတစ်စင်းရှိနိုင်တယ်။” “ပိုက်ဆံ ပေးရမယ်။” “အခြားတစ်ဖက်ကမ်းမှာအစားအစာလည်းရှိတယ်။ မြန်မာစစ်တပ်လည်းမရှိဘူး။” “ကျွန်တော့တစ်ဝမ်းကွဲ ဟိုဘက်မှာရှိတယ်။ အဲဒီမှာဆန်ရှိတယ်။” “ကျွန်မအကိုလွန်ခဲ့တဲ့တစ်ပါတ်ကသွားခဲ့တယ်။ အဲဒီမှာနေရာတော့ရှိသေးတယ်။” စသည့်ပြောဆိုသံများကိုကြားနေရပါသည်။

ရှာမင်းစတင်ကြောက်ရွံ့လာပါသည်။ စကားလုံးတစ်လုံးသူ၏ ဦးနှောက်ထဲမှ ထုတ်၍မရတော့ပါ။ ‘ပိုက်ဆံ’။ သူ၏မိခင်ထံတွင် ပိုက်ဆံ ရှိပါသလား။ မြစ်အခြားတစ်ဖက်သို့သူတို့မည်သို့ဖြတ်ကူးရမည်နည်း။ ထိုနေရာတွင်စစ်သားဆိုးများသူတို့အား ရန်ပြု၍မရတော့ပါ။ မြစ်ဖြတ်ကျော်၍ သူတို့နောက် သို့လိုက်လာမည်တော့မဟုတ်ပေ။ ထိုနေရာသို့စစ်သားများ သွား၍မရပေ။ ရှာမင်း၏မိခင်သည်သူ့အားအောက်သို့ချလိုက်ပြီး သူမလည်း ထိုင်ချလိုက်သည်။ ရှာမင်းရုတ်တရက်အလွန်ပင်ပန်းသွားသည်။ သူ၏ခြေထောက်နာကျင်လှပါသည်။ မှောင်မည်းလာပြီဖြစ်သဖြင့် သူအိပ်ပျော် သွားခဲ့ပါသည်။

ရှာမင်း၏အိပ်မက်ထဲတွင်အကျီအစိမ်းရောင်နှင့်လူများသူ့အား လိုက်ဖမ်းကြသည်။ သူတို့၏ပခုံးပေါ်တွင်ကြယ်လေးများရှိပါသည်။ သူတို့၏ ပါးစပ်များသည်စိတ်ဆိုးအော်ဟစ်သံများဖြင့်စောင်းရွဲ့ နေပါသည်။ သူတို့သည်ရှာမင်းဟာသေနတ်ဖြင့်ပစ်ပြီး ဓါးများလည်း ဝှေ့ရမ်းပြပါသည်။ သူကြောက်ရွံ့စွာပြေးရင်းအော်ဟစ်နေသည်။ သစ်ပင်များကိုသာသူတွေ့နေရပါသည်။ ထို့နောက်သူလန့်နိုးလာခဲ့ပါသည်။ သူ၏မိခင်သည်သူ့အား ဖက်ထားပြီးတိတ်ဆိတ်စွာနေရန်ပြောပြီး အမှောင်ထဲသို့ ကြောက်ရွံ့စွာ လှမ်းကြည့်နေပါသည်။ သူတို့သည် ထိုပုံစံအတိုင်းမိုးသောက်ချိန်အလင်းရောင်တဖြည်းဖြည်းပြန်ထွက်လာ သည်အထိနေခဲ့ကြသည်။ ရှာမင်းသည်သူ၏မျက်လုံးများကို မြစ်ဖက်သို့ လွှဲထားပြီး လှေတစ်စင်းကိုသာရှာဖွေနေပါသည်။ မကြာမီတွင် လှေကြီးတစ်စင်းရောက်ရှိလာပါသည်။ သူ၏မိခင်သည်သူ့အားထပ်မံ ချီပိုးကာ မြစ်ကမ်းဘက်သို့ လျှောက်လာပါသည်။ ယောကျ်ားအုပ်ကြီးသည် လှေကြီးအရှေ့တွင် တစ်ယောက်ကိုတစ်ယောက်တိုးဝှေ့ နေကြပါသည်။ သူတို့သည်ရှာမင်းကို တွေ့သောအခါသူတို့ အားသွားခွင့်ပေးခဲ့သည်။ ထိုအချိန်တွင်ရှာမင်း၏ခြေထောက်သည် အလွန်ကြီးမားရောင်ကိုင်းနေသဖြင့် မည်သူမှထိကိုင်မခံနိုင်မလှုပ်ရှား နိုင်ဖြစ်နေပါသည်။ သူ၏မိခင်တွင်ပိုက်ဆံအနည်းငယ်ရှိ သဖြင့် လှေသမားကို ပေးလိုက်သောအခါ ရှာမင်းအလွန်ပျော်သွားပါသည်။ အမျိုးသားများသည် ရှာမင်းအား ကူချီပေးကြပါ သည်။ လှေသည် သူ၏ဖခင်ပိုင်ဆိုင်ခဲ့ဖူးသော လှေထက်ပို၍ကြီးပါသည်။ ရှာမင်းသည်လှေထဲတွင်နောက်တစ်ကြိမ်ထပ်မံ အိပ်ပျော်သွားပြန်သည်။ သူနိုးလာသော အခါတစ်စုံတစ်ယောက်သည် သူ့အား သယ်ဆောင် ထားပါသည်။ ထိုသူသည်ခန္ဓာကိုယ်ကြီးမားပြီး အပြာရောင်ဝတ်စုံကို ဝတ်ဆင် ထားပါသည်။ ရှာမင်းသည်အမေကို မတွေ့ သဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။ အမေ့ကိုတွေ့လိုက်ရပါသည်။ သူမသည်ရှာမင်းအား လက်ကမ်းပေးကာ “အမေတို့အခုအဆင်ပြေပါပြီ”ဟု ပြောရှာပါသည်။

ရှာမင်းသည်လူသန်ကြီး၏ပခုံးမှတဆင့်ကျော်ကြည့်မိပါသည်။ သူ၏ မျက်လုံးထဲတွင်မြစ်ကိုတွေ့နေရပါသည်။ အခြားတစ်ဖက်တွင် တောင်တန်းများ နှင့် သစ်ပင်များစွာကိုတွေ့နေရပါသည်။ ထိုအထဲတွင် ရာပေါင်းများစွာသောစစ်သားဆိုးများ သစ်ပင်များကြား ဓါးများ သေနတ်များဖြင့် သွားလာနေပုံကိုစိတ်ကူးကြည့်မိပါသည်။ ယခုသူ့အား ရန်မပြုနိုင်တော့ပါ။ ထိုနေရာသို့မည်သို့မှ မပြန်နိုင်တော့ပါ။ ထိုလူသန်ကြီးသည် သူ့အား ထရပ်ကားပေါ်သို့ တင်လိုက်ပြီး သူ၏အမေလည်းပါလာပါသည်။ ယခုအခါတွင် သူသည် ဆေးရုံအခန်းတစ်ခန်းတွင် ရာဖီနှင့်အတူရှိ နေပါသည်။ ရာဖီ၏ခြေထောက်သည် စစ်သားများသူအိမ်အား မီးရှို့ ချိန်က လောင်ကျွမ်းသွားခဲ့ခြင်းဖြစ်သည်။ သူသည်လည်းအခြားသော အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။



**အထက်–** ထဲ့နစ်ဖ်။ ပင်နီစူလာ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းမှ ရိုဟင်ဂျာဒုက္ခသည်စခန်း။

 

ဝသင်းအုပ်ဆရာတော်ဂျွန်စမ်နီ (ညာဘက်) နှင့် သင်းအုပ်ဆရာတော်စမ်းမန်တို့သည် အောက်တိုဘာ ၉–၁၆ နှင့် နိုဝင်ဘာ ၉–၁၄၊ ၂၀၁၇ ခုနှစ်ကြားတွင် ဝလူမျိုးယုံကြည်သူအသစ် ၇၄ ဦးကို မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ ဝတောင်ပိုင်းဒေသ၊ ဟွေအော် ခရိုင် အတွင်းတွင် ရေနှစ်ခြင်းပေးခဲ့ပါသည်။ သင်းအုပ်ဆရာ ဂျွန်သည် ခရစ်ဝင်ကျမ်းကို ဘာသာပြန်ကာ စောင်ရေ ၁၀၀၀၀ ကို ဝကလေးငယ်များ၊ မိသားစုများနှင့် တောင်ပိုင်းဝဒေသမှ စစ်သားများထံသို့ဖြန့်ဝေပေးခဲ့ပါသည်။

မြန်မာနိုင်ငံအတွက်ကမ္ဘာ့ဆုတောင်းရာနေ့သည် မတ်လ၏ဒုတိယအပတ်တနင်္ဂနွေနေ့ဖြစ်ပါသည်။ ကျေးဇူးပြု၍ မြန်မာနိုင်ငံအတွက် ဆုတောင်းပေးခြင်းတွင်ပါဝင်ပေးကြပါ။ အချက်အလက်များပိုမိုရရှိလိုပါက **info@prayerforburma.org** သို့ အီးမေးလ်ပေးပို့နိုင်ပါသည်။

Acts Co..ထောက်ပံ့မှုနှင့် ဤမဂ္ဂဇင်းကို ပုံနှိပ်ပေးမှုအတွက်ကျေးဇူးအထူးတင်ရှိပါသည်။ ဤမဂ္ဂဇင်းကို မြန်မာနိုင်ငံအတွက် ခရစ်ယာန်များ (CCB) မှ ထုတ်ဝေပါသည်။ စာသားမူပိုင်ခွင့်အားလုံး CCB ၂၀၁၆ဖြစ်ပါသည်။ ဒီဇိုင်းနှင့် ပုံစံ FBR ထုတ်ဝေမှုဖြစ်ပါသည်။ မူပိုင်ခွင့်အားလုံးထားရှိသည်။ အကယ်၍စာသားများနှင့်ပုံများကို သင့်လျော်စွာ အသိအမှတ်ပြု ဖော်ပြမှုရှိပါက ဤမဂ္ဂဇင်းကိုပြန်လည်ထုတ်ယူနိုင်သည်။ ပုံအားလုံးမူပိုင်ခွင့်သည် မြန်မာပြည် လွတ်လပ်ရေးအတွက် ရိန်းဂျားများအဖွဲ့ (FBR)ထံတွင်ရှိပြီး အသိပေးအကြောင်းကြားခြင်းမှလွဲ၍ အသုံးပြုခွင့်မရှိပေ။ ကျမ်းပိုဒ်စာသားအကိုးအကားများကို NIV မှရယူထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက်ခရစ်ယာန်များ (CCB), PO Box 392, Chiang Mai, 50000, THAILAND
www.prayforburma.org info@prayforburma.org